မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ



# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၆၇)

၁၃၈၇ ခုနှစ်၊ နယုန်လကွယ်နေ့
၂၀၂၅ ခုနှစ်၊ ဇွန် ၂၄ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)မှ သတ္တမမြောက် Airbus လေယာဉ်အသစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ

ရန်ကုန် ဇွန် ၂၃

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) မှ သတ္တမမြောက် Airbus လေယာဉ်အသစ်သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိချိန်တွင် အစဉ်အလာအရ ရေသန့်စင်ပက်ဖျန်းမှုပြုလုပ်ပြီး ကြိုဆိုခြင်းအခမ်းအနားပြုလုပ်ခဲ့ကြသည်။


စာမျက်နှာ ၆ ကော်လံ ၃ ●


# ငရုတ်ကောင်းမြို့၌ မိုးစပါးဧက ၁၄၀၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိ

ငရုတ်ကောင်း ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၁၄၀၂၃ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောဆိုချက်အရ သိရသည်။

ငပုတောမြို့နယ် ငရုတ်ကောင်းမြို့၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး လျာထားဧက ၁၄၀၂၃ ဧကကို ဇွန်လ ဒုတိယပတ်ကစတင်စိုက်ပျိုးလျက်ရှိသည်။

“ငရုတ်ကောင်းမြို့မှာ စပါး ၁၄၀၂၃ ဧကကို လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့အကူအညီတွေနဲ့


စာမျက်နှာ ၁၅ ကော်လံ ၄ ○




## ရာသီတုပ်ကွေးရောဂါနှင့် ဆောင်ရန် ရှောင်ရန် နည်းလမ်းများ


စာ - ၈ သို့


## အိန္ဒိယနိုင်ငံ၌ကျင်းပမည့် နိုင်ငံတကာကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ခေါ်


စာ - ၃ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၂၄ ရက်)

# ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင်ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးသည် လူသားတစ်ဦးချင်းစီနှင့်နိုင်ငံတစ်နိုင်ငံအတွက် အထူးပင်အရေးပါလှသည့်ကိစ္စရပ်ဖြစ်သည်။ စီးပွားရေးကောင်းမွန်မှသာ လူမှုစီးပွားဘဝများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏အခန်းကဏ္ဍကိုမြှင့်တင်ပေးလျက်ရှိသည်။ စီးပွားရေးကောင်းမွန်လာမှသာ တိုင်းပြည်သာယာဝပြောလာမည်ဖြစ်သည်။ တိုးတက်ကောင်းမွန်သည့်စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးလျက်ရှိသည်။ လုပ်ငန်းများအားလုံးတိုးတက်အောင်ဆောင်ရွက်နိုင်ပါက ပြည်ပပို့ကုန်ကဏ္ဍလည်း မြင့်မားလာမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက်ပြည်ပမှလောင်စာဆီများကို တင်သွင်းနေရသည်ဖြစ်၍ နိုင်ငံအတွင်းရှိ ပြည့်ဖြိုးမြဲစွမ်းအင်များမှ လျှပ်စစ်ဓာတ်အားရရှိရေးကို ပိုမိုဆောင်ရွက်သွားနိုင်ရန်လိုအပ်သည်။ လျှပ်စစ်ဓာတ်အားဖူလုံပေါများစွာရရှိခြင်းဖြင့် လူမှုစီးပွားဘဝများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းများသည် အချိန်ရယူတည်ဆောက်ရပြီး ငွေကြေးများစွာသုံးစွဲရသည်။ ထို့ကြောင့် တည်ဆောက်ချိန်တိုတောင်းသည့်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားကို ကိုယ်ပိုင်တစ်နိုင်တစ်ပိုင်သုံးစွဲသည်မှ လုပ်ငန်းများ၊ စက်ရုံများလည်ပတ်နိုင်သည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်ပျမ်းမျှအားဖြင့် ရက်ပေါင်း ၃၀၀ ကျော်ခန့်သည် အလင်းနှင့်နေရောင်ခြည်ကိုရရှိသည်။ စက်ရုံ၊ အလုပ်ရုံများ၌ဆိုလာလျှပ်စစ်ဓာတ်အားများဖြင့်အသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းများ ဆောင်ရွက်သွားမည်ဆိုပါက ကုန်ထုတ်လုပ်မှုစရိတ်ကို များစွာလျှော့ချနိုင်သည်။ အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်သည်။ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ငွေကြေးတတ်နိုင်သည့်လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံနိုင်ရေးအားပေးဆောင်ရွက်ရန်ဖြစ်သည်။

ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံအတွက် များစွာအကျိုးရှိစေမည့်လုပ်ငန်းဖြစ်သည်။ ဆိုလာပြားများအားပြည်တွင်း၌လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုပြီး ဆိုလာပြားထုတ်လုပ်မှုတိုးတက်ရေးနှင့်ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ကပူးပေါင်းဆောင်ရွက်၍ ပြည်တွင်း၌ Solar Panel များအား လုံလောက်စွာထုတ်လုပ်သွားကြရန်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"ပြည်တွင်းမှထုတ်လုပ်ထားသည့်ဆိုလာပြားများအား ပြည်ပမှတင်သွင်းသည့်ဆိုလာပြားများနှင့် တန်းတူအရည်အသွေးရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ခေတ်နှင့်အညီပြောင်းလဲတိုးတက်လာသည့် ဆိုလာထုတ်လုပ်ခြင်းနည်းပညာများကိုလည်း မျက်ခြည်မပြတ်လေ့လာ၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရာသီဥတုသာယာကောင်းမွန်ပြီး နေသာသည့်ရက်များပြားသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကိုအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများတိုးတက်စေရေး မိမိအနေဖြင့် ၂၀၂၂ ခုနှစ်တွင် စတင်ပြောကြားခဲ့ကြောင်း၊ မိမိတို့နိုင်ငံအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားများအား နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများမှတစ်ဆင့်အမြန်ဆုံးရရှိနိုင်မည်ဖြစ်ကြောင်း"** စသည်ဖြင့် ဇွန်လ ၂၁ ရက်တွင် ဆိုလာပြားစက်ရုံ၌ တာဝန်ရှိသူတို့၏ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်ထည့်သွင်းပြောကြားခဲ့သည်။

ဆိုလာပြားထုတ်လုပ်ခြင်းအတွက်လိုအပ်သည့်ကုန်ကြမ်းများအား ပြည်တွင်း၌ ထုတ်လုပ်သွားနိုင်ရေးဆောင်ရွက်ရမည်ဖြစ်သည်။ ဆီလီကွန်ကဲ့သို့သော ကုန်ကြမ်းများလိုအပ်သဖြင့် ပြည်တွင်း၌ထုတ်လုပ်နိုင်ရေးနည်းလမ်းရှာဖွေဆောင်ရွက်သွားကြရမည်လည်းဖြစ်သည်။ ပြည်တွင်း၌ ဆိုလာပြားများကို လုံလောက်စွာထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်နိုင်မည်မဟုတ်သည့်အတွက် ပိုမိုအောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

လျှပ်စစ်နှင့်ပတ်သက်၍ ဝိုင်ယာကြိုးများကိုလည်း ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်နိုင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝိုင်ယာကြိုးပြုလုပ်ရန်အတွက်အခြေခံဖြစ်သည့် ကြေးနီများလုံလောက်စွာရှိပြီးဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း၌ ဝိုင်ယာကြိုးလုံလောက်စွာထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများပိုမိုတိုးတက်ရေးကို အလေးထားသောအားဖြင့် ဆိုလာပြားထုတ်လုပ်ခြင်း၊ နေရောင်ခြည်မှလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ပိုမိုအောင်မြင်အောင်ဆောင်ရွက်ကြခြင်းဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းသုံးမျိုး ဖွင့်လှစ်

တောင်ကြီး ဇွန် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ရွှိုင်ရယ်တောင်ကြီးဟိုတယ်ခန်းမ၌ ဇွန်လ ၂၃ ရက် နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ညွှန်ကြားမှုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့်ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းသုံးမျိုးဖွင့်လှစ်သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် မိမိတို့ဟိုတယ်၊ မိမိတို့ဒေသ၊ မိမိတို့၏ပြည်နယ်ပုံရိပ်ကို မြှင့်တင်ပေးရာရောက်ကြောင်းနှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးလာသည်နှင့်အမျှ ဒေသခံများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၉၀ ဦးတက်ရောက်ပြီး သင်တန်းတွင် ဧည့်ကြိုဝန်ဆောင်မှုဆိုင်ရာသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်မှုသင်တန်း၊ အစားအစာနှင့်အဖျော်ယမကာဝန်ဆောင်မှုဆိုင်ရာသင်တန်း စသည့်သင်တန်းများကို ဇွန်လ ၂၃ ရက်မှ ဇူလိုင်လ ၁၈ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

# မြိတ်တက္ကသိုလ်၌ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

မြိတ် ဇွန် ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက် နတ်စင်လမ်းရှိ မြိတ်တက္ကသိုလ်ဓမ္မာရုံ၌ မြိတ်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာယဉ်ယဉ်နွဲ့ (ဦးစီး) ကျန်းမာရေးဝန်ထမ်းများက မြိတ်တက္ကသိုလ်ရှိ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၄၆ ဦးတို့အား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဇွန်လ ၂၂ ရက်တွင် ထိုးနှံပေးကြောင်း သိရသည်။

ထိုသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုကို မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာယဉ်ယဉ်နွဲ့နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

မြိတ်မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့်အထက် ဝန်ထမ်းနှင့်မိသားစုဝင်များ၊ သံဃာတော်များ၊ ဈေးသူဈေးသားများနှင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူများအား ဇွန်လ ၁၆ ရက်မှစတင်၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

(၄၁၂)

## MWD Education, Knowledge & Sports Channel

၂၄-၆-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade - 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၅ | Grade - 4 | အင်္ဂလိပ်စာ၊ သင်္ချာ |
| ၃။ | ၁၆:၁၅ - ၁၇:၁၅ | Grade - 4 | လူမှုရေး၊ သိပ္ပံ |
| ၄။ | ၁၇:၁၅ - ၁၈:၃၂ | Grade - 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၃၂ - ၂၁:၄၁ | Grade - 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၂၅ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၇။ | ၁၄:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများ သိစေချင် | ၈။ | ၁၅:၀၀ | အဟောင်းထဲမှအကောင်းဆုံး သီချင်းများ |
| ၃။ | ၀၉:၀၀ | Soft Skill | ၉။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၄။ | ၁၀:၀၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | ၁၀။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း ထွက်ပေါက်** **သရုပ်ဆောင်-နိုင်ဝင်း၊ အမရာဇင်ဇင်** **ဒါရိုက်တာ နိုင်ဝင်း(မင်းဥက္ကာ)** |
| ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် | | | |
| ၆။ | ၁၃:၀၀ | တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်း သုံးသပ်ချက် | | | |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ဇရစ်ချောင် ရွာသူရွာသားများသည် အများအားဖြင့် နတ်လှိုင်ရွာသို့ ရွှေ့ပြောင်းလာကြသည်ဖြစ်၍ ကျွန်ုပ်တို့ ပြန်ရောက်သောအချိန်တွင် တရုတ်စစ်သားများ ဖမ်းသွားသော ယောကျ်ားများအနက် လေး၊ ငါးယောက်မျှသာ ပြန်ရောက်သေးကြောင်း သိရှိရသည်။ ထိုနေ့တစ်နေ့လုံး နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ပြန်ရောက်လာကြသဖြင့် ညနေခင်းအချိန်တွင် လူစုံလုမတတ်ရှိလေပြီ..."

**ယမန်နေ့မှအဆက်**

သဘာဝတစ်ခုမှာကား အဆိုးရွားဆုံးသောအခြင်းအရာပင် ဖြစ်စေကာမူ ကြာလျှင် ရိုးသည်သာဖြစ်၏။ မော်တာသံကြားခါစ၌ ဝုန်းသံနှင့် ဒိုင်းသံအကြားတွင် လွန်စွာထိတ်လန့်၏။ သို့သော် အချက်ပေါင်းများစွာကြားရသောအခါတွင် ကျွန်ုပ်တို့ကိုထိမှန်နိုင်သော အခွင့်အရေးနည်းပါးသွားသည်မဟုတ်သော်လည်း ပထမကလောက် အသက်ရှုမှားအောင် မကြောက်တော့ချေ။ သို့သော် ဝေဒနာဟောင်းတစ်ခုလျော့သောအခါ ဝေဒနာသစ်များပေါ်လာပြန်သည်။

ကျွန်ုပ်မှာ တစ်နေ့ပတ်လုံး ဘာတစ်ခုမျှမစားခဲ့ရသည်နှင့် အူတကြုတ်ကြုတ်ဖြစ်နေတော့ရာ ထို့ထက်ဆိုးရွားသည်ကား ရေငတ်ခြင်းပေတည်း။ လူသည် ကြောက်လျှင် ရေငတ်တတ်သော သဘာဝရှိသည့်အထဲတွင် တစ်နေ့လုံး နေပူကျဲကျဲကြီး၌ ဦးထုပ်မပါဘဲ အလုပ်လုပ်ခဲ့ရ၍ ညနေခင်း ၃ နာရီထက် နောက်တွင် ရေတစ်ပေါက်မှ မသောက်ခဲ့ရကား ရေငတ်လိုက်ပုံမှာ ပါးစပ်စေးကပ်၍ ဖွင့်ရန်ပင် ခဲယဉ်းလှသည်။ အဘယ်ကြောင့် ဖွင့်ရပါသနည်းဟူမူ မြက်ထဲ၌ ရေခဲတတ်ရှိ၍ မြက်များကို တစ်ဆုပ်ပြီးတစ်ဆုပ် နုတ်၍စားရသောကြောင့်ပေတည်း။ တခြားသော ဒုက္ခဝေဒနာတစ်ခုရှိသေး၏။ မြက်ခင်းကြီးဖြစ်၍ ခြင်များပျော်မြူးသော ဌာနကြီးဖြစ်ရာ မော်တာကို ကျွန်ုပ်တို့ ကြောက်သလို မကြောက်သည့် ရာထောင်မျှသော ခြင်များသည် ကျွန်ုပ်တို့အောက်ပိုင်းတွင် ရဲတင်းစွာပျံဝဲလျက် ခြေသလုံးသုံးစုံမှ ကြိုက်ရာရွေး၍ သွေးစုပ်နိုင်ကြတော့သည်။ ပထမ၌ ခြင်ကိုက်ခြင်းမျှလောက်ကို မမှုသော်လည်း ရိုးလာ၍ အကြောက်သက်သာသလိုရှိလာသောအခါတွင် ပူနေအောင်ကိုက်ထားသည့် အောက်ပိုင်းတစ်ဝိုက်ကို ဗျင်းဗျင်းပါအောင် ခြစ်ကုတ်ကြလေတော့သည်။

ဤအတောအတွင်း ဦးဘချစ်၏တပည့်က "ကျွန်တော်တော့ ခက်တာပဲ ဘကြီးရယ်" ဟု ညည်းတွားလိုက်သည်နှင့် "ဘာဖြစ်သလဲ" ဟု မေးလိုက်ရာ "ကျွန်တော် ဝမ်းနာလိုက်တာခင်ဗျာ" ဟု ပြန်ပြောသည်။ မည်သည့်နည်းနှင့်မျှ မအောင့်နိုင်ကြောင်းပြောရာတွင် ခြေရင်းဘက်သို့ လျှောဆင်းပြီး စွန့်ချေပါ မောင်မင်းကြီးသားဟုပြောရင်း ရယ်မိပါသေးတော့သည်။

စောစောပိုင်း၌ တစ်ဖက်နှင့်တစ်ဖက် ရပ်နားခြင်းမရှိဘဲ တရစပ်ပစ်ခတ်ကြသော်လည်း ညဉ့်နက်လာရာတွင်မူ တစ်ချီတစ်ချီတွင် နှစ်ဖက်စလုံးရပ်နားပြီး အကဲကြည့်ကြ၏။ လက္ခဏာမှာ တရုတ်တွေထွက်ပြေးချေပြီလောဟု ဂျပန်တို့က ရပ်နားကြည့်ဟန်တူ၏။ သို့ရာတွင် ရပ်နားပြီးတိုင်း တရုတ်ဘက်က စတင်ပစ်သည်နှင့် ဂျပန်ဘက်က တုံ့ပြန်ပစ်ခတ်တော့သည်။ ယင်းကဲ့သို့ နားချည်ပစ်ချည် တိုက်ကြ၍ ညဉ့်နက်လာသည်ရှိသော် ကျွန်ုပ်မှာ ကြောက်ခြင်းအမျိုးမျိုး၊ ဒုက္ခဝေဒနာအမျိုးမျိုးခံစားပြီး၍ အသစ်အဆန်းမပေါ်လာတော့ဘဲရှိသည်တစ်ကြောင်း၊ စိတ်ရောကိုယ်ပါ ကြာရှည်စွာပင်ပန်းလှ၍ မြော့နေတော့သည်တစ်ကြောင်းကြောင့် နောက်ဆုံးနာရီကို ကြည့်သောအခါ ၁၂ နာရီတိတိရှိခြင်းကိုသာ သိရပြီးနောက် အိပ်ပျော်သွားပါတော့သည်၊ သွေးရိုးသားရိုး အိပ်ပျော်ခြင်းပေလော၊ အပန်းကြီးပန်းပြီး နစ်မြောသွားခြင်းပေလောမပြောနိုင်ပါ။

**ဂျပန်တွေ ဝင်ကုန်ပြီ**

မျက်စိဖွင့်ကြည့်လိုက်သောအခါ ကျဲကျဲကြီးလင်းလျက်ရှိလေပြီ။ ပစ်ခတ်သံများလည်း အလျဉ်းမကြားရတော့ချေ။ သူငယ်နှစ်ယောက်ကိုနှိုး၍ အခြေအနေကို အကဲခတ်ကြည့်ရာတွင် ချိုင့်ကြီးနှုတ်ခမ်းပေါ်၌ လူတစ်ယောက်သည် အထုပ်ကလေးထမ်းလျက် လျှောက်သွားသည်ကိုမြင်ရ၏။ တစ်ယောက်သွားဝံ့လျှင် သုံးယောက်သွားဝံ့ရမည်ဆို၍ မြောင်းထဲမှထွက်ကြပြီး လူကြီးကိုခေါ်လိုက်ရာ လူကြီးလည်း ရပ်နေ၏။ အနီးသို့ ချဉ်းကပ်၍ စုံစမ်းသည်တွင် "ဂျပန်တွေ ဝင်လာကုန်ပြီဗျ၊ ခင်ဗျားတို့ မသိဘူးလား" ဟု ပြောသည်နှင့် အတော်စိတ်အေးသွားကြသည်။ မနီးမဝေး၌ ဂျပန်စစ်သားတစ်ယောက်သည် သေနတ်ထမ်းလျက် စင်္ကြံလျှောက်နေရာ ကျွန်ုပ်တို့ကို မြင်သော်လည်း ဂရုမစိုက်သည်နှင့် အားတက်၍ ဇရစ်ချောင်ရွာသို့ လျှောက်လာကြသည်။

ဇရစ်ချောင်ရွာ၌ ကိုသိန်းဖေ၏နေအိမ်မှာ မော်တာထိမှန်သည့် အပေါက်အပြဲများ ပြည့်နေ၏။ အိမ်၌ကား လူတစ်ယောက်မျှမရှိချေ။ ကျွန်ုပ်တို့သည် ရေတွင်းမှ ရေဝအောင်သောက်၍ သရက်သီးများ ခူးစားရင်း နတ်လှိုင်ရွာသို့ လျှောက်လာကြရာလမ်းတွင် ဝက်အူချောင်းတစ်ဘူးတွေ့သည်နှင့် ကျောက်ခဲနှင့်ထုပြီး ရသမျှကို စားကြရသည်။ ကျွန်ုပ်တို့ ဝင်လာသည်ကို မြင်ကြသောအခါ အိမ်သူ၊ အိမ်သားများ ဝမ်းသာလိုက်ကြသည်မှာ ပြောစရာမရှိချေ။ သို့သော် ၎င်းတို့ဝမ်းသာခြင်းထက် ကျွန်ုပ်တို့၏ဝမ်းသာခြင်းက ပိုလိမ့်မည် ထင်ပါသည်။

ဇရစ်ချောင် ရွာသူရွာသားများသည် အများအားဖြင့် နတ်လှိုင်ရွာသို့ ရွှေ့ပြောင်းလာကြသည်ဖြစ်၍ ကျွန်ုပ်တို့ ပြန်ရောက်သောအချိန်တွင် တရုတ်စစ်သားများ ဖမ်းသွားသော ယောကျ်ားများအနက် လေး၊ ငါးယောက်မျှသာ ပြန်ရောက်သေးကြောင်း သိရှိရသည်။ ထိုနေ့တစ်နေ့လုံး နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ပြန်ရောက်လာကြသဖြင့် ညနေခင်းအချိန်တွင် လူစုံလုမတတ်ရှိလေပြီ။ ကျွန်ုပ်တို့ နေအိမ်မှဖမ်းဆီးသွားသော ယောကျ်ားငါးယောက်အနက် ကျွန်ုပ်တို့သုံးယောက်သည် နံနက်ခင်းတွင် ပြန်ရောက်၍ ညနေခင်းတွင် ဌာနအုပ်မောင်မောင်ကြီး ပြန်ရောက်လာ၏။ သို့ဖြစ်၍ ထိုညတွင် ကျွန်ုပ်တို့အိမ်မှ ဗိသုကာဦးဘချစ်နှင့် ရွာထဲမှ စောဒန်နီယယ်နှင့် စောဖေစောတို့မှတစ်ပါး အားလုံးပြန်ရောက်ကြလေပြီ။

ထိုသူသုံးယောက်မှာမူ ပကတိကတည်းက ကျွန်ုပ်တို့လူစုနှင့်အတူမထားဘဲ တသီးတခြားခွဲထားသည်ဖြစ်သောကြောင့် ၎င်းတို့၏ဇနီးများက စိုးရိမ်ပူပန်လျက်ရှိကြလေပြီ။ နောက်တစ်နေ့တွင် စောဖေစော၏အစ်ကိုနှင့် ဆွေမျိုးညာတိများသည် ဂျပန်များဝင်နေပြီဖြစ်သော ကသာမြို့ထဲသို့ အရဲစွန့်ဝင်ကြ၍ လူသုံးယောက်အကြောင်းကို စုံစမ်းကြရာ နေ့လယ်ခင်းအချိန်တွင် ကျွန်ုပ်တို့ထံသို့ လာ၍ အလောင်းများတွေ့ခဲ့ကြောင်း ပြောသည်နှင့် ကျွန်ုပ်တို့အိမ်သားများ လိုက်သွားကြသည်။

ယခင်က သစ်တောဘက်ဌာန အကောက်ဝန်ထောက် (Revenue Assistant) နေသော အိမ်ဝင်းကြီးထဲရှိ သစ်ပင်ကြီးအောက်တွင် အဝတ်များ ဖုံးထားသော အလောင်းသုံးလောင်းကို တွေ့ရ၍ အဝတ်များကို လှပ်ကြည့်သောအခါ ကျွန်ုပ်တို့၏ လူသုံးယောက်ပင် ဖြစ်ချေသည်။ ရင်ထုမနာဖြစ်ရသောအချက်တစ်ခုမှာ အလောင်းများ၌ မျက်စိဟောက်တောက်ရှိနေကြသဖြင့် အနီးမှကပ်ပြီး မျက်လုံးကို ခြောက်လုံးပြူးနှင့် ပစ်သတ်ခြင်းဖြစ်သည်ဟု သိနိုင်ပေသည်။ ဦးဘချစ်မှာ မဒရပ်နှင့် လန်ဒန်မြို့များမှ ဗိသုကာအတတ် အောင်လက်မှတ်များရရှိ၍ ရန်ကုန်သို့ ပြန်ရောက်သည်မှာ များစွာမကြာသေးဟု သိရသည်။

စောဖေစောမှာ ကသာမြို့ ရာဇဝတ်ဝန်ရုံးတွင် စာရေးကြီးဖြစ်၍ စောဒန်နီယယ်မှာ ဌာနအုပ်ဖြစ်လေသည်။ ကျွန်ုပ်တို့သည် ထိုလူသုံးယောက်တို့၏ ဈာပနကိစ္စကို ဆောလျင်စွာ ဆောင်ရွက်၍ ယင်းနေရာ၌ပင် မြှုပ်နှံခဲ့ရပါသည်။

**ရေငတ်ခြင်း၏ဒဏ်**

ကျွန်ုပ်တို့သည် နံနက် ၆ နာရီခန့်တွင် နတ်လှိုင်ရွာသို့ ပြန်ရောက်ကြသောအခါ ကျွန်ုပ်၏ အပြင်းထန်ဆုံးသော အာသာဆန္ဒတစ်ခုသည်ကား ရေဝဝကြီးချိုးရန်ပင်ဖြစ်၏။ ယမန်နေ့က အလွန်ပူပြင်းသော ကဆုန်လကြီးတွင် နေပူကျဲကျဲကြီးထဲ၌ စွပ်ကျယ်လက်ပြတ်ကလေးနှင့် အလုပ်ကြမ်းလုပ်ရ၍ ထမင်းလည်း နှစ်နပ်မစားရ၊ ရေလည်းမသောက်ရ၊ စိတ်ဒုက္ခရောက်ရခြင်းကြောင့် တစ်ကိုယ်လုံး ပူလောင်ခြောက်သွေ့လျက်ရှိရာတွင် ရေမည်မျှသောက်သည်ဖြစ်စေ ဝနိုင်သည်မရှိသည်နှင့် ရေထဲ၌ ကျွဲများကဲ့သို့သာစိမ်၍ နေလိုက်ချင်၏။ ဤတွင် ကျွန်ုပ်က ရေအိုင်မရှိသလောဟု မေး၍ ရေအိုင်ကားမရှိ။ သို့သော် ရေတွင်းတိမ်တိမ်ရှိကြောင်း ပြောပြသည်နှင့် မစိုးနှင့် ကျွန်ုပ်သည် ရေတွင်းသို့ သွားကြလေသည်။ ရေတွင်းမှာ နေပြောက်မထိုးနိုင်သည့် မြိုင်ကြီးထဲ၌ရှိ၍ အောက်တွင် ကျောက်များခံလျက် အလွန်ကြည်လင်အေးမြပေရကား မြင်ရသည်နှင့် အလွန်စိတ်တိုင်းကျ၍ မစိုး ငင်ပေးသော ရေကို ပုံးတစ်ရာထက် မနည်းချိုးလိုက်၏။ မစိုးလက်ညောင်းသောအခါ ကိုယ့်ဟာကိုယ်ငင်၍ ချိုးလိုက်သေး၏။ တစ်နာရီခန့် ချိုးသည်တွင်မှ ရေငတ်ပြေပြီး လတ်ဆတ်လာပါတော့သည်။ ရေချိုးပြီးသည့်နောက် ထမင်းနှစ်နပ်ငတ်သည့်အတွက် စားလိုက်မည်ဟု ကြုံးဝါးထားသော နံနက်စာမှာမူ ထင်သလောက်မစားနိုင်ဘဲ အိပ်ဖို့လောက်သာ မက်ခံပါတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

## သထုံမြို့နယ်၌ အမှိုက်လေးမျိုး စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

သထုံ ဇွန် ၂၃

မွန်ပြည်နယ် သထုံမြို့နယ်၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်တတ်စေရေး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဇွန်လ ၂၃ ရက်တွင် ဈေးများ၊ အခြေခံပညာကျောင်းများ၌ အခမဲ့ လိုက်လံဖြန့်ဝေပေးခဲ့သည်။

ထိုသို့အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့်အဖွဲ့ဝင်များ၊ သထုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာငြိမ်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုယုဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များပူးပေါင်းကာ သထုံမြို့မဈေးနှင့် သုဝဏ္ဏဈေးတို့ရှိ ဈေးရောင်း/ဈေးဝယ်ပြည်သူများ၊ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်သွားလာနေကြသည့် ခရီးသွားပြည်သူများ၊ သထုံခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြသည့် အငြိမ်းစားဝန်ထမ်းများ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများအား အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် အန္တရာယ်ရှိအမှိုက်လေးမျိုးတို့ကို သတ်မှတ်အမှိုက်ပုံးအရောင်များအလိုက် စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးဆွေးနွေးကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါအသိပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တာဝန်ခံထုတ်ဝေခြင်းဖြစ်ပြီး စုစုပေါင်း အစောင် ၇၀၀ ခန့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက် မဟာစည်းခုံကြီးစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းကိစ္စများ ရှင်းလင်းလျှောက်ထား၍ ဩဝါဒခံယူ



နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ မဟာစည်းခုံကြီးစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းကိစ္စများကို ရှင်းလင်းလျှောက်ထား၍ ဩဝါဒ ခံယူစဉ်။

နေပြည်တော် ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် တိမ်းစောင်းသွားသော မဟာစည်းခုံကြီး စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ဩဝါဒခံယူခြင်းကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ကြီး၏ပရိဝုဏ်အတွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရသီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကြွရောက်တော်မူပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂေါပက အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက သီတဂူဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သီတဂူဆရာတော်ဘုရားကြီးက ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက မဟာစည်းခုံကြီး စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းကိစ္စရပ်များကို လျှောက်ထားရှင်းလင်းပြီး ဆရာတော်ကြီးထံမှဩဝါဒ ခံယူသည်။ ယင်းနောက် တိမ်းစောင်းသွားသော ထီးတော်ကြီး၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ကရိန်းစက်ယန္တရားကြီးဖြင့် ပြန်လည်တည့်မတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာစည်းခုံကြီး စေတီတော်မြတ်ကြီး၏သာသနာ့ဗိမာန်အား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ မဟာစည်းခုံကြီး စေတီတော်ပရိဝုဏ်အတွင်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများနေထိုင်နိုင်ရန်အတွက် Modular House ဆောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနအသီးသီး၏ အဖြေလွှာများစနစ်တကျသိမ်းဆည်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်၊

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ မေတ္တာကန်နှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းမှု၊ စေတီတော်ရင်ပြင်တိုးချဲ့ရန် မြေသားခိုင်မာမှု စမ်းသပ်စစ်ဆေးခြင်းနှင့် စေတီတော်လုံးပတ်ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု၊ စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့်ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ သကျဓိတာ သီလရှင်စာသင်တိုက်နှင့် တောလေးထပ်ကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိစစ်ကိုင်းပညာရေးဒီဂရီကောလိပ်သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်သင့်နေအိမ်အဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် မဟာစည်းခုံကြီးစေတီတော် ပရိဝုဏ်အတွင်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများ နေထိုင်နိုင်ရန်အတွက် Modular House ဆောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနအသီးသီး၏ အဖြေလွှာများကို စနစ်တကျ သိမ်းဆည်းဆောင်ရွက်ထားရှိမှုနှင့် သက်ဆိုင်ရာစာစစ်ဌာနသို့ အချိန်မီပေးပို့နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်ရှိ အန္တရာယ်ရှိအဆောက်အအုံအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းမှု၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်ရှိ ရှမ်းစုဆီးဘန်နီတိုက်အတွင်းရှိ အလယ်တိုက်ကြီးအုတ်ကျောင်းနှင့် ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်ရှိ မြင်းတန်းကျောင်းတိုက်ရှိငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောအပျက်အစီးများအား တပ်မတော်သားများကလည်းကောင်း၊ စက်ယန္တရားကြီးများကို အသုံးပြု၍လည်းကောင်း အင်တိုက်အားတိုက်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(၁၀၀)

# ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦးတွေ့ရှိ

နေပြည်တော် ဇွန် ၂၃

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၅-၆-၂၀၂၅ ရက် ည ၈ နာရီမှ ၂၂-၆-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၉၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန်လိုအပ်သည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

# ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

ပွင့်ဖြူ ဇွန် ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသခံကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇွန်လ ၂၃ ရက်တွင် ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းယုနှင့် ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်တို့က အမှာစကားပြောကြားကြပြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေးမောင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်များရရှိကာ ကျေးလက်ဒေသများ၌ ကျွမ်းကျင်လုပ်သားများပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေပေးနိုင်သည်အထိ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ၊ ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ နည်းပြများနှင့် သင်တန်းသူများက လက်ခံရယူကြသည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းသို့ ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာအုပ်စုရှိ ကျေးရွာများမှ စက်ချုပ်နည်းပညာကို စိတ်ဝင်စားသည့် သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာများက အခြေခံစက်ချုပ်နည်းပညာနှင့်ပတ်သက်သည့်သင်ခန်းစာများကို ၄၅ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ငဖဲမြို့နယ်၌ ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုး ထုတ်လုပ်ရေးအတွက် ကော်ဖီမျိုးစေ့နှင့်ပျိုးပင်များပေးအပ်

ငဖဲ ဇွန် ၂၃




မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုး ထုတ်လုပ်ရေးအတွက် ကော်ဖီမျိုးစေ့နှင့်ပျိုးပင်များပေးအပ်ပွဲကို ဇွန်လ ၂၂ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းဇော်က ယခင်နှစ်ကပျိုးထောင်ထားသည့် ကော်ဖီပျိုးပင်များကို စိုက်ပျိုးရာသီအတွင်း ဖြန့်ဖြူးပေးပြီး ဖာထေးစိုက်ပျိုးခြင်း၊ တိုးချဲ့စိုက်ပျိုးခြင်းများကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းကာ စိုက်ဧရိယာများတိုးချဲ့ရန်၊ ယခုနှစ်ရရှိထားသည့် ကော်ဖီမျိုးစေ့များကို ဌာနမှ ပျိုးထောင်ခြင်းနည်းလမ်းအပြင် တောင်သူများ ပျိုးထောင်နိုင်ရန် ဖြန့်ဖြူးပေးခြင်းဖြစ်ပြီး လိုအပ်သည့်စိုက်ပျိုးရေးနည်းပညာများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် ပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက ကော်ဖီသည် ပြည်ပဈေးကွက်ဝင်သီးနှံဖြစ်ပြီး ငဖဲမြို့နယ်မှထွက်ရှိသော ကော်ဖီသည် ဈေးကွက်ဝင်ကော်ဖီများဖြစ်သည့်အတွက် တောင်သူများအနေဖြင့် စီးပွားရေး ဈေးကွက်တိုးချဲ့ကာ ဝင်ငွေတိုးလာစေရေး တိုးချဲ့စိုက်ပျိုးကြရန်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းက ကော်ဖီစိုက်ပျိုးရန် ဧက ၄၀၀၀ လျာထားပြီး စိုက်ကေပြည့်မီရေးအတွက် ကျေးရွာအုပ်စုအလိုက်ပေးအပ်ထားသည့် ကော်ဖီမျိုးစေ့နှင့်ပျိုးပင်များ လေလွင့်မှုမရှိစေရေး၊ စိုက်ကေတိုးတက်ရေး အလေးထားဆောင်ရွက်ရန်နှင့် ယခုနှစ်ပေးအပ်သည့်ကော်ဖီမျိုးစေ့များကို လာမည့်နှစ်တွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ပျိုးထောင်ထားကြရန် ပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် ကော်ဖီတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးအတွက် ကော်ဖီမျိုးစေ့ ကီလို ၁၀၀ နှင့် ပျိုးပင် ၁၃၀၀၀၀ ကို ကျေးရွာအုပ်စုလေးအုပ်စုရှိ ကော်ဖီစိုက်ပျိုးမည့်တောင်သူများထံ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ ကော်ဖီစိုက်တောင်သူများက လက်ခံရယူကြကြောင်း သိရသည်။ **မယု(ငဖဲ)**

## မိုးလေဝသ သတင်း




# ပင်လုံမြို့နယ်၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲကျင်းပ

ပင်လုံ ဇွန် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြု ဗဟိုဌာန၌ ဇွန်လ ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့်နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိမြတ်နိုးသူက ဇွန်လ ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစာများအပြင် ပြင်ပဗဟုသုတများရရှိစေရန် စာအုပ်စာပေများလေ့လာဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ ရရှိစေပြီး စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်းကို လည်းကောင်း ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် မူးယစ်အန္တရာယ် စုပေါင်းကာကွယ် နံရံကပ်စာစောင်များကိုပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**

**● ရှေ့ဖုံးမှအဆက်**

ယခုရောက်ရှိလာသည့် Airbus A319 လေယာဉ်အပါအဝင် MAI ၏လေယာဉ်စုစုပေါင်း ၁၁ စင်းရှိလာခဲ့ပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း MAI သည် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှစ်ခုတွင်အခြေစိုက်၍ မြို့ပေါင်း ၄၁ မြို့သို့ ဆက်သွယ်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ဝန်းရံခ**

## ၂၃-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

နိုင်ငံ့ဝန်ထမ်းများအား
မည်သည့်နည်းလမ်းဖြင့်မဆို
ခြိမ်းခြောက်ခြင်း၊
တာဝန်ထမ်းဆောင်မှုအား
နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်အညီ
အရေးယူခံရနိုင်ပါသည်။

# နယုန်လစာအလင်္ကာများ

**နတ်စဉ်ငယ် ရှမ်းပါလို့ ခြိမ့်မွှမ်းငယ်သံစုံ၊ ကမြူးငယ် ခုန်သည် လနယုန်သည်ချိန်မို့၊ မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး။ ရာသီငယ် မေထုန ဆယ့်နှစ်လမို့၊ ဇေဋ္ဌ ပြောင်ရှိန် တောက်လောင်ငယ် ထိန်သည်၊ ရာဇိန္ဒနတ် ပိဋကတ်မှာ မပြတ်ကယ်ထွက်စံ စာ ညီလာခံသောခါ၊ ဗိုလ်ခြံတဲ့ရွှေလယ်မှာ ငွေစံပယ်ဖြူမုလေးက မွှေးလှတယ်လေး။ ။ ဖော်ပြပါစာအလင်္ကာများမှာ နယုန်လဘွဲ့ ပုံမှန်သဘောများကို သိသာပေပြီ။**

မြန်မာ့ ၁၂ လရာသီ စာအလင်္ကာများကို ရှေးစာဆိုကြီးများရေးဖွဲ့ခဲ့ကြရာ ဆီသည်ရွာစား ဦးအောင်ကြီး (လူးတား)၊ တိုင်းတားမြို့သူကြီး ဦးဖက်၊ မယ်ခွေ(အဲချင်း)၊ မဟာအတုလမင်းကြီး (လွမ်းချင်း)၊ ဖိုးသူတော် ဦးမင်း(သဖြန်) စသည့်ပုဂ္ဂိုလ်တို့က ၁၂ လရာသီကို တစ်လချင်းရေးဖွဲ့ထားခဲ့ကြလေသည်။

နဝဒေး၊ နတ်သျှင်နောင်၊ မင်းကြီးကတော်ခင်ဆုံ၊ လှူဦးမင်း၊ ဦးညဏ်ကျယ်၊ စလေဦးပုည၊ အချုပ်တန်းဆရာဖေ၊ ဦးဘိုးအို စသည့်စာဆိုများမှာ နွေဘွဲ့၊ မိုးဘွဲ့၊ ဆောင်းဘွဲ့ စသည်ဖြင့်တွဲ၍လည်းကောင်း၊ လတစ်လကို အထူးပြု၍လည်းကောင်း ရေးဖွဲ့ထားခဲ့သည်မျိုးရှိပေသည်။

၁၂ လရာသီ အစုံများရေးဖွဲ့မှုပါအကြောင်းအရာအလိုက် (လူးတား၊ အဲချင်း၊ သဖြန်၊ လွမ်းချင်း စသည်များ)ကောင်းသလို တစ်ခုချင်း တစ်လချင်းရေးသည့်ရာသီဘွဲ့များသည်လည်း ကောင်းလှပေသည်။ အောက်ပါနယုန်လဘွဲ့မှာ ထိုအမျိုးအစားထဲတွင်ပါဝင်ပေသည်။ စာဆိုမှာ စာအလင်္ကာ ကဝေမယ်လှိုင်ထိပ်ခေါင်တင်ဖြစ်ပေသည်။

စာဆိုလှိုင်ထိပ်ခေါင်တင်ဆိုသည်နှင့် စိန်ခြူးကြာညောင်ဘောလယ်ကို တစ်ဆက်တည်းသိကြ၏။ မယ်တော် မမြကလေးမှာလည်း စာပေကဗျာပါရမီရှင်ဖြစ်ပေသည်။ ချစ်သမျှကို၊ မြယဉ်ရေညို၊ ရှစ်စုံရွက်ကြာ၊ ညဥ့်သုံးယံခါ စသည့်ပတ်ပျိုးများ၊ လေ့လော့သံ၊ တေးဘွဲ့၊ ဒွေးချိုး၊ သဖြန်၊ တေးထပ်များကို ဖန်တီးခဲ့သူဖြစ်ပေသည်။

သမီးဖြစ်သူ လှိုင်ထိပ်ခေါင်တင်အနေနှင့်လည်း ငှက်ပျောပင်စိုက် မိလိုက်ဖပါဆိုသလို ဂီတစာဆိုပါရမီရှင်ဖြစ်၏။ ဝိဇယကာရီဇာတ်၊ ဣန္ဒာဝံသဇာတ်(အီနောင်)ဘောလယ်၊ တေးထပ်၊ ဒွေးချိုး၊ လေးဆစ်၊ လွမ်းချင်း၊ လူးတား၊ ရတု၊ ကြိုးသီချင်း၊ ပတ်ပျိုးစသည့် ဂီတအနုသုခုမ စာစုံကိုရေးဖွဲ့ခဲ့သူဖြစ်လေသည်။

ရေးလိုက်တိုင်းသည်လည်း စာကြီးပေကြီးဝင်ဂန္ထဝင်များအဖြစ် ဖြင့်သာ ကျန်ခဲ့ပါ၏။ စာဆိုလှိုင်ထိပ်ခေါင်တင်သည် အထက်ဖော်ပြပါ စာဆိုကြီးများကဲ့သို့ ၁၂ လရာသီကို တစ်လချင်းရေးမသွားသော်လည်း ပြဇာတ်များတွင် ရာသီကာလအလိုက် ဇာတ်ဝင်ခန်းဆိုက်လာသောအခါ လရာသီများကို ရေးခဲ့လေသည်။

ဝိဇယကာရီဇာတ်၊ ဣန္ဒာဝံသဇာတ်ကြီးများတွင် ကာလဒေသ ပတ်ဝန်းကျင်ကိုပြရမည့်အခန်းရောက်သောအခါ ဖော်မစုံဘွဲ့၊ ဖော်ကွာဝေးဘွဲ့၊ မိုးဘွဲ့၊ တောဘွဲ့၊ ယာတဲဘွဲ့၊ တောင်ယာမီးရှို့ဘွဲ့စသည်ဖြင့် ရေးဖွဲ့သွားရာ ဇာတ်ဝင်ခန်းတစ်ခုတွင် နယုန်လဆိုင်ရာကို အောက်ပါအတိုင်းသရုပ်ဖော်ထားလေသည်။

ပင်ခံစပ်ကယ်နှင့် ဒဟတ်ကယ် ကွင်းမြောင်၊
ယုန်ပိုက်ကယ်ထောင်သည် ဖိုးတောင်သူ ပျော်ရာရပ်ပေထင့်၊
ပုတတ်ညို ကြင်ဖော်ရှာလို့ ကျစ်စာစားတဲ့ လ ပေလေး။
ဂျိုးဂျိမ်းသံငယ် မိုးသံတစ်လိုက် လေတစ်ပြိုက်ကယ်နှင့်၊
မှိုင်းဝိုက်ကယ် ရီမှုန် စည်မုရိုးငယ်နှင့် ငွေမိုးတွေ အုံတော့၊
နယုန်လ ချိန်နယ်မှာ လူသူငယ် ဝါးထောင်ချောက်ကယ်နှင့်၊
တောခြောက်တယ်လေး။ ။ .......

ဟုရေးဖွဲ့ထားလေသည်။

ဤနယုန်လဘွဲ့မှာ ဒဟတ်တောကွင်း ခံစပ်ပင်တောတန်းတွင် တောင်သူတို့ ယုန်ထောင်ကြပုံ၊ ပုတတ်ကောင်လေးများ မဖိုသဘာဝ ကြင်ဖော်ရှာကြပုံ၊ ကျစ်စာစားကြပုံ၊ မိုးတစ်လိုက် လေတစ်ပြိုက်နှင့် အုံ့မှိုင်းကာ မိုးရွာပုံ၊ လူငယ်လေးများတောခြောက်ပြီး ယုန်ထောင်ပုံတို့ကို ကွက်ကွက်ကွင်းကွင်းရေးထားသောစာအလင်္ကာမိုးဘွဲ့ (နယုန်လ) ဖြစ်ပေသည်။ ဤမိုးဘွဲ့မှာ မည်သည့်စာကြီးပေကြီးမှမပါဝင်ဘဲ အရပ်သိ ဇာတ်သိဝေါဟာရများသာဖြစ်ပေသည်။

ကဗျာကဝိတို့၏သီအိုရီအရ ဒေါသကင်းသော ဂုဏ်မြောက်သော အလင်္ကာအထိုက်အလျောက်ပါဝင်သော သဒ္ဒါနှင့်အနက်သည် ကဗျာမည်၏ဆိုသည့်အလိုက် ကဗျာပီသပါပေ၏။ ရိုးရှင်း၍ သဘာဝအလှပေါ်လွင်လှပါဘိ။ ကာရန်စည်းဝါးလည်းကိုက်လှပါ၏။

အောက်ပါနယုန်ဘွဲ့မှာ တိုင်းတားမြို့သူကြီး ဦးဖက်၏ တေးထပ်ဖြစ်သည်။

နန်းနယုန် နယ်လကို ကြယ်ဗြာဟ္မဏ တာရာ၊
ရွှေဇေဋ္ဌ ပုဏ္ဏာဝယ် ယုန်စန္ဒာ ပြိုင်မျှ၊
မုလေးပျံ့ သေးသွယ်ငယ် ရွှေစံပယ် သင်းတဲ့မာသ။
သုဓမ္မရိပ်သာမှာ သဘင်စာ သည်လ၊
မင်္ဂလာ ထွန်တော်ချလို့ သေနင်္ဂ လေးအင်၊
ထုံးစဉ်စံ သွေမခွတယ် ဘုန်းရာများထွတ်(ထိပ်ဘုရင်)။
ဉာဏ်တမွတ် ဆန်ဆင်တယ် မေထုန်ခွင် နွေစွန်လမှာမို့၊
မိုးမာန်က တအုံအုံ မည်းတည့်လို့ မှုန်၊
မြဖြန်ရဲ့တိမ်ဂဠုန်လို သိန်တဂုဏ် ကူဖြိုးလှလေး။
မစုံသူ့ ရွှေရင်မှာ ဖြေတင်နိုင် ပူညှိုးရလေး။ ။

ဤတေးတပ်တွင် လယ်ထွန်မင်္ဂလာအကြောင်းအရာပါ ပါဝင်၏။

အောက်ပါနယုန်လဘွဲ့မှာ မဟာအတုလမင်းကြီး၏ လွမ်းချင်းဘွဲ့ဖြစ်ပေသည်။

နတ်စဉ်ငယ် ရှမ်းပါလို့ ခြိမ့်မွှမ်းငယ်သံစုံ၊
ကမြူးငယ် ခုန်သည် လနယုန် သည်ချိန်မို့၊
မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး။
ရာသီငယ် မေထုန ဆယ့်နှစ်လမို့၊
ဇေဋ္ဌပြောင်ရှိန် တောက်လောင်ငယ် ထိန်သည်၊
ရာဇိန္ဒနတ် ပိဋကတ်မှာ မပြတ်ကယ်ထွက်စံ စာ ညီလာခံသောခါ၊
ဗိုလ်ခြံတဲ့ရွှေလယ်မှာ ငွေစံပယ်ဖြူမုလေးက မွှေးလှတယ်လေး။ ။

ဖော်ပြပါစာအလင်္ကာများမှာ နယုန်လဘွဲ့ ပုံမှန်သဘောများကို သိသာပေပြီ။

ရှေးခေတ်မြန်မာ့ရိုးရာနတ်ချင်းနှင့်တေးကဗျာများသည် ပုဂံခေတ်မှသည် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်စဉ်များတစ်လျှောက် ကျေးလက်ဒေသ လယ်တောတစ်ခွင် ရိုးရာသဘောမှသည် အခြေတည်ကာ မြို့ပြအခြေအနေ ထီးမူနန်းရာပိုင်းကိုပါ တဖြည်းဖြည်းချဉ်းကပ်ဝင်ရောက်လာလေသည်။ ညောင်ရမ်းခေတ်ကုန်လုနီးကာလတွင် ဝန်ကြီးပဒေသရာဇာကဲ့သို့သော စာဆိုများက အချင်းကဗျာ၊ အဲချင်းကဗျာများကို အခြေခံကာ သီချင်းခံတည်းဟူသော အဆင့်မြင့်တေးကဗျာများကို ပုံစံကျကျဖွဲ့နွဲ့သီကုံးမှုပြုလာကြသည်။ ဤအစဉ်အလာကို ကုန်းဘောင်ခေတ်ဦးကာလတွင် ဆက်လက်သုံးစွဲအကောင်အထည်ဖော်လာကြသည်။ ကုန်းဘောင်ခေတ်အလယ် သက္ကရာဇ် ၁၁၆၀ ကျော် နှစ်ပိုင်းကာလအတွင်းက မုံရွေးဆရာတော်သည် မြန်မာရှေးရိုးရေးကဗျာများကို စုစည်း၍ "အချင်းစုံ"ခေါ် "ဟာသ ဇဝနိက ဉာဏမဉ္ဇရီ"ကျမ်းကို ပြုစုခဲ့သည်။

လက်ဝဲနော်ရထာသည် ရှေးရိုးမြန်မာတေးချင်းများကို အသံအမှတ်အသားမှသည် သီချင်းစာသားများထည့်သွင်း၍ အလိုက်သီချင်းများ စပ်ဆိုခဲ့သည်။ ရှေးရိုးဂီတစာဆိုတစ်ဦးဖြစ်သည်။ ယခုခေတ် မဟာဂီတကျမ်းပါ "ကြိုး/ဘွဲ့/သီချင်းခံ/ပတ်ပျိုး/ယိုးဒယား"စသည့် ပုံစံတကျမဟာဂီတသီချင်းဟူ၍ ပီပီပြင်ပြင် မပေါ်ပေါက်သေးသည့်ချိန်ခါဖြစ်သည်။ မြဝတီမင်းကြီးဦးစ၏ကိုယ်တိုင်ရေးဂီတမှတ်တမ်းကို လေ့လာကြည့်ရှုပါက ယခုခေတ် မဟာဂီတတွင် မိမိရရခွဲခြားပြသလက်ခံကျင့်သုံးနေသည့်သီချင်းအမည်များ မပေါ်ပေါက်သေးသည်ကို အထင်အရှားတွေ့ရမည်ဖြစ်သည်။

စာဆိုဝန်ကြီးပဒေသရာဇာသည်လည်း "ကြိုး/ဘွဲ့/သီချင်းခံ"ဟူသော မဟာဂီတသီချင်းကြီးများအတွက် မျိုးစေ့ချပေးခြင်းနှင့်အတူ မြန်မာရှေးရိုးမဟာဂီတလောကကို တစ်ဆင့်မြင့်အောင် ဆောင်ရွက်မှုများကိုပါဆောင်ရွက်ခဲ့သည်။ ထိုအထဲတွင် အဲချင်းသည်လည်း စာအလင်္ကာအမျိုးအစားတစ်ခုဖြစ်လေသည်။ နတ်ချင်းအဲ၊ မင်းမိဖုရားနှင့်စပ်သောအဲ၊ ဗုံအဲ၊ ကောက်စိုက်အဲ၊ မောင်းအဲ၊ လွန်တေး ခေါ် မိုးခေါ်အဲ၊ ကြိုးသံအဲ စသည်ဖြင့်အဲချင်းအမျိုးမျိုးရှိပေသည်။

ထိုအထဲတွင် စာဆိုမယ်ခွေ၏ (၁၁၅၀ ခန့်-၁၂၀၀ ခန့်) ၁၂ လရာသီအဲသည်လည်း ပါဝင်ပေသည်။ မောင်းအဲ၊ လယ်ထွန်ကောက်စိုက်အဲ စသည်တို့တွင် ပညာရပ်ဆိုင်ရာများလေးလေးနက်နက်မပါဘဲ အရပ်သုံးဇာတ်သုံးမျှသာပါဝင်ပေသည်။

အဲချင်းစာဆိုများမှာ ဦးယာ၊ မောင်ထွား၊ မောင်ရီ၊ မယ်ခွေ စသည်တို့ဖြစ်သည်။ အထူးသဖြင့် ဦးယာနှင့်မယ်ခွေ၏အဲချင်းများမှာ ပို၍ထင်ရှား၏။ ပညာရပ်ဆန်၏။ လေးနက်မှုရှိ၏။ ထိုထဲတွင် မယ်ခွေ၏အဲချင်းသည် ပို၍ပင်လေးနက်သည်ဟုဆိုရာ၏။

ရာသီဘွဲ့တစ်ခုရေးစပ်ရာတွင်

၁။ လရာသီ(မိဿ၊ ဗြိဿ၊ မေထုန်၊ ကရကဋ်...တန်ခူး၊ ကဆုန်၊ နယုန် စသည်...)

၂။ နက္ခတ်တာရာ (လပြည့်စန်းယှဉ် ... စသည်...)

၃။ လရာသီပန်း

၄။ တိတ်စွဲဒေသ (တိုင်းနိုင်ငံ...)

၅။ ပွဲတော် စသည့် အချက်အလက်......

များပါရပေသည်။

ဤမယ်ခွေ၏ နယုန်လဘွဲ့စာပေတွင် ရာသီပန်းဖွဲ့ စံပယ်မြတ်လေး၊ ရာသီစာမေးသဘင်၊ နယုန်လစာပြန်ပွဲ၊ မေထုန်ရာသီ အဒြနက္ခတ်နှင့် နေသွားလသွား အကြောင်းခြင်းရာများ၊ နေ့နာရီ ညနာရီ၊ စန်းယှဉ်နက္ခတ်၊ ကလိင်္ဂရာဇ်တိုင်းနိုင်ငံ တိတ်စွဲ စသည်တို့ပါရှိလေသည်။ ကလိင်္ဂတိုင်း တံငါတာရာ ကြယ်မိုန်ပါက တိုင်းနိုင်ငံဒေသများ ကံကြမ္မာညှိုးနွမ်းတတ်ကြသည်ဟုဆိုလိုသည့်သဘောပါလေသည်။ (ဗြိစ္ဆာရာသီ ဇေဋ္ဌနက္ခတ် တံငါတာရာ)

ယနေ့ခေတ်အနေနှင့် ကမ္ဘာနိုင်ငံများအရ ပြောရလျှင် ဆွီဒင်၊ ဘရာဇီး၊ မော်ရိုကို၊ နော်ဝေး၊ ဆီးရီးယား၊ အယ်ဂျီးရီးယား၊ ဝါရှင်တန်၊ နယူးကာဆယ်၊ မက်ဆီနာဒို၊ အော်ရီတွန်၊ ပို့တလင်း စသည်တို့ဖြစ်၏။

ဗြိစ္ဆာရာသီ တံငါတာရာထဲရှိ ကြယ်မှိန်ပါက တိုင်းနိုင်ငံဒေသတို့ ကံကြမ္မာညှိုးတတ်သည်ဟုလည်းဆိုလိုပေသည်။ ထိုအကြောင်းခြင်းရာများသည် ငိုတတ်သည့်ကလေးကို ကျီစားသလိုမလုပ်ပါနှင့်၊ အားကိုးပါတယ်။ တိုင်းပြည်သာယာဝပြောပါစေ။ ထိုအကြောင်းခြင်းရာများ မဖြစ်ပါစေနဲ့ဟုဆိုလိုသည့်သဘောဖြစ်သည်။ ဤထက်နက်နဲကျယ်ဝန်းသောအကြောင်းခြင်းရာများလည်းပါပေသေး၏။ စာရှုသူများ မယ်ခွေ၏ နယုန်လဘွဲ့ကိုဖတ်ရှုခံစား၍ စာပေရသအနက်အဓိပ္ပာယ်ကို ကြံဆနိုင်ကြပါစေကုန်သတည်း။

ရွှေသားမှသိဂီလေ.... အဒြကြယ်၊ ပါဒ်သုံးသွယ်နှင့်၊ နေဆွယ်ရထား၊ ယှဉ်ပြိုင်သွားလို့၊ စက်နားမေထုန်၊ လွမ်းဖို့ဆုံလှတယ်၊ နယုန်ဆီကို တဲ့လေး။

သီတာငယ်မှစိမ်းလှည့်၊ ရေမှာကြည့်လည်း၊ ရေ၏ထုံးတမ်း၊ တောင်မှာစမ်းလည်း၊ တောင်ကမ်းဖွယ်ရာ၊ မြေမျက်နှာလည်း၊ မသာစတောင်း၊ ရှုမညောင်းသည်၊ နွေနှောင်းလမို့၊ ကမ္ဘာ့ကျက်သရေ၊ ရဂုံနက်ကျယ်၊ တောမြိုင်လယ်မှာ၊ စမွယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့်၊ စာမေးသဘင်၊ ငှက်ပေါင်းရွှင်လို့၊ မင်းလင်ငယ်ဝေသည်၊ တောင်လေပြေမှိုင်းပုံနှင့်၊ ကြုံပြန်လေခြင်း။

မလင်းမှ ကောင်းကင်၊ တိမ်ခိုနန်းမြှောင့်၊ ရာဟုထောင့်က၊ မြတောင့်ပမာ၊ လက္ခဏာလည်း၊ လာ၍ဆင်သို့၊ သဘင်မှမွေ့သိမ်၊ တစ်ဆယ့်ခုနစ်၊ ပြင်နာရီနှစ်တုန်းမို့၊ ဇေဋ္ဌစန္ဒာ၊ ရွှေလည်ညိုသာဘဲနှင့်၊ တံငါငယ် ကြယ်မှိန်သည်၊ ပြည်ကလိင်္ဂရာဇ်နေတို့၊ ကံရွှေတိုင်ညှိုး။

လရာသီစု(စိတ်ကယ်မှရှုပါဘူး၊ ရွှေဥနှင့်မင်းမိ၊ ဝေးခိုက်မှ ဖိတယ်လို့၊ ကလိ မျက်ညိုး၊ ဘယ်ငြိုးတော်သိုရတယ်၊) ငိုတတ်သည့် သူငယ်လို၊ အသွယ်သွယ် မကျီစားပါနှင့်၊ တအားကိုး။ ။

**မောင်လူမွှေး(မြန်မာမှု)**

# ရာသီတုပ်ကွေးရောဂါနှင့် ဆောင်ရန် ရှောင်ရန်နည်းလမ်းများ

> **"ဗီတာမင်-C က ကိုယ်ခံအားကိုမြင့်တက်စေ၍ ဗီတာမင်-D က အအေးမိခြင်းမှ ကာကွယ်ပေးနိုင်သည်။ အအေးမိတုပ်ကွေးဖျားနာအတွက် ဗီတာမင်-C တစ်ခုတည်း မလုံလောက်နိုင်ပေ။ ဗီတာမင်-D အပါအဝင် တခြားဗီတာမင်နှင့် သတ္တုဓာတ်တို့ပါဝင်သော အစားအသောက်တို့ကို မျှတစွာစားပေးရမည်။ မိမိတို့ နေ့စဉ်စားသောက်နေသောအစားအစာများတွင် ယင်းဓာတ်များ တစ်ပြိုင်တည်း လုံလောက်စွာမရနိုင်သဖြင့် ဖြည့်စွက်စာအဖြစ် အားဆေးမှီဝဲပေးရန်လိုအပ် . . ."**

ရာသီတုပ်ကွေးရောဂါ (Seasonal Flu) သည် တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး (Influenza) ကြောင့်ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သည်။ ထိုဗိုင်းရပ်စ်သည် မိုးဦးရာသီ၊ ဆောင်းဦးရာသီနှင့် အေးသောရာသီဥတုတွင် ပေါက်ပွားပြန့်ပွားနှုန်းများသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ပြင်ပနှင့် ထိတွေ့ဆက်ဆံမှုများလျှင် ကူးစက်ရန်လွယ်ကူပြီး အကယ်၍ ကိုယ်ခံအားမကောင်းပါက အလွယ်တကူ ကူးစက်ခံရနိုင်သည်။

**မိမိကြောင့် အများကိုကူးစက်နိုင်**

ကမ္ဘာပေါ်၌ ပျံ့နှံ့ကူးစက်မှုအမြန်ဆုံးနှင့် အဖြစ်အများဆုံးသောရောဂါများတွင် ရာသီတုပ်ကွေးရောဂါ (Seasonal Flu) လည်း တစ်ခုအပါအဝင်ဖြစ်သည်။ လူတစ်ဦးသည် မိုးဦးရာသီ သို့မဟုတ် ဆောင်းဦးရာသီတွင် ပျမ်းမျှအားဖြင့် အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် တုပ်ကွေးရောဂါဖြစ်တတ်သည်။ အအေးမိတုပ်ကွေးဖြစ်နေသူတစ်ယောက်သည် တစ်သျှူးအုပ်၍ နှာချေ၊ ချောင်းဆိုးသင့်ပြီး ထိုတစ်သျှူးကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်သင့်သည်။ လက်ကိုင်ပဝါဖြင့်အုပ်၍ နှာချေ၊ ချောင်းဆိုးသောအခါ ဗိုင်းရပ်စ်ပိုးက ထိုလက်ကိုင်ပဝါထဲတွင် နှစ်နာရီ သုံးနာရီကြာသည်အထိ အသက်ရှင်နိုင်သည်။ အကယ်၍ လူအများကြားထဲ နှာချေ၊ ချောင်းဆိုးပါက တုပ်ကွေးဗိုင်းရပ်စ်ပိုးများ တစ်ပေ နှစ်ပေခန့်အထိ ပျံ့နှံ့သွားပြီး ထိုအချိန်တွင် ပတ်ဝန်းကျင်မှ ကိုယ်ခံအားနည်းသူထံ ထိုဗိုင်းရပ်စ်ပိုးများ အလွယ်တကူ ကူးစက်နိုင်သည်။

**ရောဂါလက္ခဏာများ**

ဖျားခြင်း၊ နှာချေခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အစားအသောက်ပျက်ခြင်း စသည်တို့သည် ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်သည်။ ရံဖန်ရံခါ အဖျားဝင်လာပြီး သလိပ်များပျစ်ခဲလာခြင်း၊ ချွဲသလိပ်များ ဝါလာခြင်းဖြစ်နိုင်သည်။ ထိုအခြေအနေမျိုးတွင် ပိုးသတ်ဆေးသောက်မှ ရောဂါပျောက်နိုင်သည်။ လူအများစုက အိမ်မှာပင် သာမန်အကိုက်အခဲပျောက်ဆေးသောက်၍ ရောဂါကို လက်ပူတိုက်ကုစားတတ်ကြသော်လည်း တော်တော်နှင့်မပျောက်နိုင်ဘဲ ရောဂါပြင်းမှသာ ဆေးရုံ၊ ဆေးခန်းသို့ ရောက်လာတတ်ကြသည်။ အခန့်မသင့်ပါက အသက်ဆုံးရှုံးရနိုင်သည့် သာဓကများတွေ့ရသည်။ အမှန်စင်စစ် တုပ်ကွေးရောဂါသည် သာမန်အအေးမိရောဂါထက် ပိုမိုပြင်းထန်၍ အဖျားကြီးကာ အဖျားတာရှည်စေသည်။ ပျမ်းမျှ အသက်ခြောက်လနှင့်အထက်မှစ၍ ဖြစ်နိုင်သည်။ ထို့ကြောင့် ကာကွယ်ဆေးကြိုတင်ထိုးနှံထားသင့်သည်။

လူကြီး၊ လူငယ်မရွေးဖြစ်နိုင်ပြီး အကယ်၍ အဆုတ်ရောင်ရောဂါ၊ နားပြည်ယို၊ ထိပ်ကပ်နာနှင့် ရေဓာတ်ခန်းခြောက်ရောဂါအခံရှိသူများ ရာသီတုပ်ကွေးဖြစ်လာပါက အသက်အန္တရာယ်ဖြစ်စေနိုင်သည်။ ကူးစက်လွယ်ရောဂါတစ်မျိုးဖြစ်သဖြင့် လူနာကိုထိတွေ့ကိုင်တွယ်ခြင်း၊ တံတွေးနှင့် သလိပ်ကိုထိတွေ့မိခြင်း၊ လူနာက နှာချေ၊ ချောင်းဆိုး၊ စကားပြောစဉ် ဗိုင်းရပ်စ်ပါလာသောလေများကို ရှူရှိုက်မိရာမှတစ်ဆင့် အလွယ်တကူ ကူးစက်နိုင်သဖြင့် သတိနှင့်ယှဉ်၍ကာကွယ်ခြင်းဖြင့် လက်ဦးမှုကို အရယူရပါမည်။ အထူးသဖြင့် ရာသီတုပ်ကွေးရောဂါကို ပြင်းထန်စွာခံစားရနိုင်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် ရောဂါကူးစက်မှုခံရနိုင်ခြေများပြားသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် နှစ်စဉ် ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံမှုကို ခံယူထားသင့်သည်။

**ဆောင်ရန် ရှောင်ရန်နည်းလမ်းများ**

ကိုယ်ခံအားကောင်းသူ၊ ကြိုတင်ကာကွယ်ဆေးများဖြင့် လက်ဦးမှုအရယူနိုင်သူများမှာ ရာသီတုပ်ကွေးဖျားနာခြင်းကြောင့် အသက်အန္တရာယ်မစိုးရိမ်ရသော်ငြား အဖျားပျောက်ပြီး ချောင်းတဟွတ်ဟွတ်စွဲကျန်ရစ်ခဲ့ကာ မိသားစုဝင်များနှင့် ပတ်ဝန်းကျင်ရှိသူများကို လက်ဆင့်ကမ်းမကူးစက်ရလေအောင် အောက်ပါနည်းလမ်းအသွယ်သွယ်တို့ဖြင့် အသိပေးလိုပါသည်။

- အစိမ်းရောင်၊ အဝါရောင်အသီးအနှံများများစားပါ။ အစိမ်းရောင်ဟင်းသီးဟင်းရွက်များစားပေးခြင်းက ကိုယ်ခံစွမ်းအားတိုးတက်မြင့်မားစေသည်။ အထူးသဖြင့် ပန်းဂေါ်ဖီစိမ်းတွင်ပါရှိသော ဓာတုဓာတ်ပေါင်းစုက အအေးမိ၍ တုပ်ကွေးနှင့် ကူးစက်ဖျားနာများကို ကောင်းစွာတိုက်ထုတ်ပေးနိုင်သည်။ ထို့ကြောင့် ပန်းဂေါ်ဖီစိမ်းထဲကို ချင်းဓားပြားရိုက်၍ ရောနှောကြော်စားရန် Cambridge တက္ကသိုလ်ရှိ အာဟာရဗေဒပညာရှင်များက အကြံပြုထားကြသည်။ ထိုနည်းတူစွာပင် အဝါရောင်သီးနှံများဖြစ်ကြသော လိမ္မော်သီးနှင့် သံပရာသီးတို့ကို ဖျော်ရည်အဖြစ်လည်းကောင်း၊ လိမ္မော်ခွံ သို့မဟုတ် သံပရာခွံကို ရေနွေးစိမ်၍လည်းကောင်း သောက်သုံးခြင်းဖြင့် တုပ်ကွေးဖျားနာခြင်းမှ ကြိုတင်ကာကွယ်ရာရောက်သည်။
- အားဆေးမှီဝဲပါ။ ဗီတာမင်-C က ကိုယ်ခံအားကိုမြင့်တက်စေ၍ ဗီတာမင်-D က အအေးမိခြင်းမှ ကာကွယ်ပေးနိုင်သည်။ အအေးမိတုပ်ကွေးဖျားနာအတွက် ဗီတာမင်-C တစ်ခုတည်းမလုံလောက်နိုင်ပေ။ ဗီတာမင်-D အပါအဝင် တခြားဗီတာမင်နှင့် သတ္တုဓာတ်တို့ပါဝင်သော အစားအသောက်တို့ကို မျှတစွာစားပေးရမည်။ မိမိတို့ နေ့စဉ်စားသောက်နေသောအစားအစာများတွင် ယင်းဓာတ်များ တစ်ပြိုင်တည်း လုံလောက်စွာမရနိုင်သဖြင့် ဖြည့်စွက်စာအဖြစ် အားဆေးမှီဝဲပေးရန်လိုအပ်ပါသည်။
- အိပ်ရေးဝဝအိပ်ပါ။ တစ်ရက်လျှင် ပျမ်းမျှ ရှစ်နာရီဝန်းကျင် အိပ်ရေးဝဝအိပ်စက်ခြင်းက သွေးတိုးရောဂါနှင့် အဝလွန်ခြင်းကို ကာကွယ်ပေးရုံသာမက အအေးမိနှာစေးကဲ့သို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့်ဝင်ရောက်လာသော ကူးစက်ရောဂါပိုးများကိုလည်း တိုက်ထုတ်ပေးနိုင်သည်။ ထို့ပြင် အိပ်စက်မှုကြာမြင့်ချိန် ခြောက်နာရီဝန်းကျင် အိပ်စက်သူများကို ရှစ်နာရီဝန်းကျင် အိပ်စက်သူများနှင့်နှိုင်းယှဉ်ပါက အိပ်ချိန်နည်းသူများမှာ အအေးမိကူးစက်ရောဂါဖြစ်နိုင်ခြေအလားအလာ သုံးဆမျှပိုကြောင်း အမေရိကန်ဆေးသုတေသီများက အကြံပြုထားကြသည်။
- ပဋိဇီဝဆေးဆောင်ထားပါ။ ချမ်းအေးသောရာသီတွင် ကိုယ်ခံအားနည်းသောကလေးများနှင့် သက်ကြီးရွယ်အိုများမှာ ဗိုင်းရပ်စ်ပိုးကူးစက်လွယ်သဖြင့် အအေးမိတုပ်ကွေးဖျားနာပျောက်ဆေးများကို အိမ်တွင် အဆင်သင့်ဆောင်ထားသင့်သည်။ လိုအပ်ပါက အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်လာသည့် ကူးစက်ပိုးများကို ၂၀ ရာခိုင်နှုန်းမျှ ကာကွယ်ပေးသည့် Actimel (ခေါ်) ပဋိဇီဝဆေးကြိုတင်တိုက်ကျွေးပေးပါ။
- နံနက်စာစားပါ။ နံနက်စာပုံမှန်စားသူများသည် နံနက်စာလုံးဝမစားသူများထက် အအေးမိကူးစက်ရောဂါဖြစ်နိုင်ခြေ နည်းပါးကြောင်း Cardiff University ဟုအမည်ရသော အမေရိကန်ဆေးတက္ကသိုလ်မှ အကြံပြုထားသည်။ အထူးသဖြင့် ကိုယ်ခံအားကောင်းစေရန် နံနက်စာထဲတွင် ဗီတာမင်-B အုပ်စုများ၊ သံဓာတ်နှင့် ဇင့်ဓာတ်ပါရှိသောအစားအစာများကိုစားပေးကြရန် ဆေးသုတေသီများက ထပ်လောင်းအတည်ပြုထားသည်။
- လက်ဆေးပါ။ ဆေးသိပ္ပံပညာရှင်များ၏ ဓာတ်ခွဲစမ်းသပ်ချက်များအရ အအေးမိဗိုင်းရပ်စ်ပိုးရှိသူကိုင်တွယ်ထားသော တံခါးလက်ကိုင်များပေါ်တွင် ကျန်ရှိခဲ့သည့် ဗိုင်းရပ်စ်ပိုးများသည် ၂၄ နာရီကျော်သည်အထိ အသက်ရှင်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် အများသုံးတံခါးလက်ကိုင်များ၊ အရောင်းစင်တာများရှိ ပစ္စည်းထည့်သည့်တွန်းလှည်းများ၊ လက်ရန်းများ၊ ဓာတ်လှေကားခလုတ်များကို တစ်ခါသုံးတစ်သျှူးဖြင့် ကိုင်တွယ်ပါ။ ယင်းတို့ကို ကိုင်တွယ်ပြီးနောက် မျက်လုံး၊ နှာခေါင်းများကို မတို့ထိဘဲ ဆပ်ပြာသုံး၍ လက်ကိုစင်စင်ဆေးကြောပါ။
- အအေးမိဝေဒနာခံစားရသူ၏ လက်၊ ခံတွင်း၊ နှာရည်တို့မှ ကူးစက်ပြန့်ပွားစေနိုင်သဖြင့် ရောဂါရှိသူ၏လက်နှင့် တခြားအသုံးအဆောင်ပစ္စည်းများကို မကိုင်တွယ်၊ မထိမိပါစေနှင့်။ နှာချေ၊ ချောင်းဆိုးသောအခါတွင်လည်း ကျန်းမာရေးအသိဖြင့် လက်သို့မဟုတ် လက်ကိုင်ပဝါ သို့မဟုတ် တစ်ခါသုံးတစ်သျှူးအုပ်ပါ။ ကလေးငယ်များကို ဖက်ယမ်းနမ်းရှုပ်ခြင်းမပြုရ။
- ရေသောက်မပျင်းပါနှင့်။ ခန္ဓာကိုယ်အတွက် ရေဓာတ်အလုံအလောက်ရရှိမှသာ စားထားသမျှအာဟာရများကို စုပ်ယူနိုင်ပြီး ခွန်အားအဖြစ် ပြောင်းလဲပေးရုံသာမက ခန္ဓာကိုယ်တွင်းမသန့်စင်သောအညစ်အကြေးများကို ချွေး၊ သွေး၊ သလိပ်၊ ဆီး၊ ဝမ်းအဖြစ် ကူညီစွန့်ထုတ်ပေးသည်။ မိမိခန္ဓာကိုယ်တွင် ဓာတ်ကြီးလေးပါးညီညွတ်မျှတနေပါက ကိုယ်ခံအားကောင်းကာ ပြင်ပမှကူးစက်ရောဂါများလည်း အလွယ်တကူ ဝင်မလာနိုင်တော့ပေ။
- လမ်းမှန်မှန်လျှောက်ပါ။ တစ်ရက်လျှင် အနည်းဆုံးနာရီဝက်ခန့် လမ်းမှန်မှန်လျှောက်ခြင်းက ဇီဝကမ္မလုပ်ဆောင်ချက်ကို ကောင်းကျိုးပြုပြီး ပြင်ပရောဂါများကိုလည်း တိုက်ထုတ်ပေးနိုင်သည်။
- အကောင်းမြင်စိတ်မွေးမြူပါ။ ဒေါသထွက်ခြင်း၊ အဆိုးမြင်စိတ်ရှိခြင်း၊ စိတ်ဖိစီးမှုများခြင်း စသည့် စိတ်ပိုင်းဆိုင်ရာအတက်အကျကြောင့် cortisol ဟော်မုန်းထွက်ရှိလာသည်။ ထိုအခါ ဟော်မုန်းများညီညွတ်မျှတမှုကိုပျက်စီးစေပြီး ကိုယ်ခံစွမ်းအားကျဆင်းလာခြင်းကြောင့် အအေးမိလွယ်စေပါသည်။
- ဆေးလိပ်ရှောင်ပါ။ ဆေးလိပ်သောက်ခြင်းက နှာခေါင်းနှင့် အဆုတ်အတွင်းရှိ ရောဂါကာကွယ်ပေးနိုင်သောအမြှေးပါးလေးများကို ထိခိုက်ပျက်စီးစေနိုင်သည်။ ထို့ကြောင့် တုပ်ကွေးဖြစ်စေသော ဗိုင်းရပ်စ်ပိုးများကို ရှူရှိုက်မိသောအခါ ပျက်စီးပြီးဖြစ်နေသော ထိုအမြှေးပါးလေးက မည်သို့မျှ ခုခံကာကွယ်မပေးနိုင်တော့ပေ။
- စိုထိုင်းမှုမှကာကွယ်ပါ။ စိုစွတ်နေသောဧရိယာတွင် ရောဂါဖြစ်စေသော မှိုပိုးမွှားများရှင်သန်ပေါက်ပွားလွယ်ကြသည်။ ထို့ကြောင့် မိမိအိမ်နှင့်ပတ်ဝန်းကျင်ကို စိုစွတ်ထိုင်းမှိုင်းမှုမဖြစ်အောင်၊ လေဝင်လေထွက်ကောင်းအောင်၊ အလင်းရောင်ဝင်အောင်၊ မှိုနံ့ပျောက်အောင် အထူးဂရုပြုပေးသင့်သည်။
- မိုးဦးကာလနှင့် ဆောင်းဦးကာလတို့တွင် အအေးပိုတတ်သည်။ ထို့ကြောင့် လက်မောင်းနှင့် ခြေသလုံးအောက်ပိုင်းတို့ အအေးမပတ်အောင် အနွေးထည်ပါးပါးဝတ်အိပ်ပါ သို့မဟုတ် စောင်ပါးပါးခြုံအိပ်ပါ။

လူအများက ဖျားနာသည့်အခါ ကိုဗစ်-၁၉ ရောဂါလား၊ ရာသီတုပ်ကွေးလား ဝေခွဲမရ အတွေးမှားတတ်ကြရာ ကွဲကွဲပြားပြားသိစေရန် ထိုရောဂါနှစ်မျိုး၏ ထင်သာမြင်သာလက္ခဏာတချို့ကို အကြံပြုလိုပါသည်။ ကိုဗစ်-၁၉ ရောဂါသည် လည်ချောင်းနာခြင်း၊ ချမ်းတုန်ခြင်း၊ မျက်စိနီခြင်း၊ အသက်ရှူကျပ်ခြင်း စသည်တို့ဖြစ်စေပြီး အဖျား ၁၀၀ ဒီဂရီ ပတ်ဝန်းကျင်ရှိသည်။ ရာသီတုပ်ကွေးသည် ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ တစ်ကိုယ်လုံးအဆစ်အမျက်ကိုက်ခဲခြင်း စသည်တို့ဖြစ်စေပြီး ကိုယ်အပူချိန်မှာ ၁၀၁၊ ၁၀၂ ဒီဂရီအထိ အဖျားကြီးသည်။ သွေးစစ်ကြည့်ရာ သွေးထဲတွင် ဗိုင်းရပ်စ်ဝင်သောလက္ခဏာမျိုးတွေ့ရသော်လည်း အဆုတ်ထိခိုက်နှုန်းမရှိပေ။ ကိုယ်ခံအားကောင်းလျှင် ပျမ်းမျှ သုံးရက်နှင့် ငါးရက်ကြား ရောဂါပျောက်ကင်းနိုင်သည်။

အချုပ်အားဖြင့်ဆိုသော် ရာသီတုပ်ကွေးရောဂါသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သော်လည်း ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးကို ကြိုတင်ထိုးနှံထားခြင်းဖြင့် ရောဂါဖြစ်နိုင်ခြေအလားအလာလျော့ကျစေပါမည်။ ထို့ပြင် ကိုယ်ခံအားကောင်းအောင် အထက်ဖော်ပြပါနည်းလမ်းကောင်းများအတိုင်း စားသောက်နေထိုင်ရင်း အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ပျံ့နှံ့လာသော Influenza တုပ်ကွေးဗိုင်းရပ်စ်များကိုလည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များအတိုင်း Mask တပ်ခြင်း၊ လက်ကို မကြာခဏဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ ဆေးကြောခြင်း၊ လူစုလူဝေးရှောင်ခြင်းနည်းများဖြင့် သတိရှိစေလိုသည်။ အထူးသတိပေးလိုသည်မှာ ရာသီတုပ်ကွေးဖြစ်ပွားလေ့ရှိသော ယခုကာလတွင် အအေးမိပါက ကိုယ်ခံအားကျစေပါသည်။ ထို့ကြောင့် နွေးနွေးထွေးထွေးနေပါ၊ အအေးမခံပါနှင့်၊ တိုက်ရိုက်လေထိတွေ့ရာနေရာ၌ မနေပါနှင့်၊ ထိုနေရာတွင် မအိပ်ပါနှင့်။ သတိဖြင့် ရေချိုးပါ။ ညအိပ်လျှင် နွေးနွေးထွေးထွေးအိပ်ပါ။ လူသားအားလုံး ကျန်းမာချမ်းသာ၍ ဘယာကင်းဝေးကြပါစေ။

**ပေါက်ပေါက်**

# (၃၁)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုအား ကြည့်ရှုအားပေး

**ပဲခူး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များသည် ဇွန်လ ၂၃ ရက်နံနက်ပိုင်းတွင် ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်၍ (၃၁)ကြိမ်မြောက်လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုအား ကြည့်ရှုအားပေးကြောင်း သိရသည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေမှုကို ကြည့်ရှုသည်။

ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူကြသည့်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လစဉ်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့်ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီး ကျန်းမာပျော်ရွှင် အသက်ရှည်စွာ နေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်စီစဉ်မှုဖြင့် လစဉ်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုစစ်ဆေးပေးခြင်း၊ လူနာများအား အခမဲ့ဆေးဝါးပေးအပ်ခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၁)

# အေးရိပ်ချောင်မဟာစည်သာသနာ့ရိပ်သာကျောင်း၌ အပတ်စဉ်ဓမ္မစကူးသင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိ



**မြိတ် ဇွန် ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလင်ရပ် အေးရိပ်ချောင် မဟာစည်သာသနာ့ရိပ်သာကျောင်း၌ အပတ်စဉ်ဓမ္မစကူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဇွန်လ ၂၂ ရက် (တနင်္ဂနွေနေ့)တွင် ပို့ချပေးလျက်ရှိကြောင်း သိရသည်။

အပတ်စဉ်ဓမ္မစကူးသင်တန်းကို မြိတ်မြို့နယ်နှင့် ဓမ္မစကူးဖောင်ဒေးရှင်းကော်မတီဥက္ကဋ္ဌ အေးရိပ်ချောင် မဟာစည်သာသနာ့ရိပ်သာကျောင်းဆရာတော်ဘဒ္ဒန္တကောဝိဒကကြီးမှူး၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်ကြားရေးနည်းပြဆရာ၊ ဆရာမတို့က အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မြတ်ဗုဒ္ဓ၏ အခြေခံအကြောင်းအရာများနှင့် ယဉ်ကျေးမှုစာပေဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါ အပတ်စဉ်ဓမ္မစကူးသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၆၁ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

(၄၁၂)

# မိတ္ထီလာခရိုင်အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မိတ္ထီလာ ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အမျိုးသမီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ဇွန်လ ၂၃ ရက် နံနက်ပိုင်းတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။




ညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက ခရိုင်အမျိုးသမီးကော်မတီ၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကော်မတီတွင် ပါဝင်ကြသည့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ကော်မတီနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အပြန်အလှန်မျှဝေပေးကြရန်၊ ကော်မတီ၏လုပ်ငန်းလိုအပ်ချက်များအပေါ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ထည့်သွင်းပြောကြားသည်။

ထို့နောက် ခရိုင်အမျိုးသမီးကော်မတီအတွင်းရေးမှူး ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စောနှင်းဦးက လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ခရိုင်အမျိုးသမီးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ခရိုင်အမျိုးသမီးကော်မတီဝင်များက ကော်မတီ၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေးကြကြောင်း သိရသည်။

(၆၀၂)

# အေးချမ်းသာစွ လူ့ဘဝ

❖ သဘာဝဘေးကြုံရသေးတော့
ရင်မှာတွေးမဖြေသာ။
သက်အိုးအိမ်စည်းစိမ်များ
စွန့်ထားရရှာ။
လူ့လောကခဏတာ
ကြုံဆုံလာ ပျက်ပျက်ပြုန်း။
လောကဓံ အခြေမဲ့
ပြောင်းလွဲနေတုန်း။

❖ တောမြို့ရွာ အကုန်လုံး
ဆုံးရှုံးမှု မြောက်မြားစွာ။
စာနာကာ နယ်တစ်ဝှမ်း
လှူဒါန်းကြရှာ။
မွန်မြတ်စိတ်စေတနာ
ကူညီလာ သဒ္ဓါမြတ်။
ပေးလှူကာ စာနာမိ
ဖြူသည့်စိတ်ဓာတ်။

❖ နေ့စဉ်မှာ ခါမလပ်
ကြပ်မတ်လို့ ထာဝစဉ်။
အနေထိုင် ကျန်းမာရေး
အားပေးလို့ပင်။
နွေးနွေးထွေး စာနာချင်
စိတ်မြင့်တင် ဆိုစကား။
ဖြူစင်ကာ နေရာပေး
လေးလေးစားစား။

❖ စေတနာ သဒ္ဓါတရား
ကူညီထား ပြည်သူတွေ။
ပေးဝေလှူ ယုယသေး
နွေးထွေးပါပေ။
ပို့သကြ မေတ္တာဝေ
မြန်မာပြည် သာစေသား။
အေးချမ်းစွာ နေထိုင်ရေး
မြော်တွေးစို့လား။ ။

**ရွှေလက်ပံ(မဲဇလီ)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၄-၆-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# ရဟန်းတော်များဆိုင်ရာ ပဋိစ္စသမုပ္ပါဒ်အခြေခံသော ဘက်စုံသာသနာပြု စွမ်းရည်မြှင့် ၁၀ ရက်အထူးသင်တန်းဆင်းပွဲကျင်းပ




ရန်ကုန် ဇွန် ၂၃

သာသနာတော် ထွန်းကားပြန့်ပွားစေရန်နှင့် သာသနာပြုလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်စေရန်ရည်ရွယ်ဖွင့်လှစ်သည့် စတုတ္ထအကြိမ်မြောက် ရဟန်းတော်များဆိုင်ရာ ပဋိစ္စသမုပ္ပါဒ်အခြေခံသော ဘက်စုံသာသနာပြုစွမ်းရည်မြှင့် ၁၀ ရက်အထူးသင်တန်းဆင်းပွဲကို ဇွန်လ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း)မြို့နယ် ရွာသာကြီး (၁၄၀) ရပ်ကွက်ရှိ ကာယကံမေတ္တာဖောင်ဒေးရှင်းကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဒဂုံ(တောင်ပိုင်း)မြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ သင်တန်းဆင်းဆရာတော်များနှင့် ဧည့်ပရိသတ်များက ဩဝါဒကထာနာယူကြသည်။

ယင်းနောက် ဧည့်ပရိသတ်များက ကြွရောက်လာကြသည့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သင်တန်းဆင်းဆရာတော်များအား ဆရာတော်ဒေါက်တာအရှင်သုဝဏ္ဏ (ရွှေသုဝဏ်မိုးကုတ်ဝိပဿနာသင်တန်းကျောင်း)နှင့် သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ ပြည်တွင်း/ပြည်ပသာသနာပြုနယ်လှည့်ဓမ္မကထိက၊ ကာယကံမေတ္တာဖောင်ဒေးရှင်းဆရာတော် အရှင်ကုသလတို့က သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။

"ကာယကံမေတ္တာဖောင်ဒေးရှင်းအနေနဲ့ တရားဟောစွမ်းရည်မြင့်မားလာစေဖို့နဲ့ သာသနာပြုလုပ်ငန်းတွေမှာ အထောက်အကူဖြစ်စေဖို့ နှစ်စဉ် တစ်နှစ်တစ်ကြိမ်ပုံမှန်သင်တန်းတွေဖွင့်လှစ်သင်ကြားပေးပါတယ်။ ရှင်သာမဏေပြုစုစောင့်ရှောက်တဲ့ လုပ်ငန်းတွေအပြင် ယဉ်ကျေးလိမ္မာသင်တန်းတွေ၊ အခမဲ့ကျန်းမာရေးစောင့်ရှောက်တဲ့လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်"ဟု ကာယကံမေတ္တာဖောင်ဒေးရှင်းဆရာတော် အရှင်ကုသလက မိန့်ကြားသည်။

အဆိုပါသင်တန်းတွင် ဒေါက်တာအရှင်သုဝဏ္ဏ (ရွှေသုဝဏ်မိုးကုတ်ဝိပဿနာသင်တန်းကျောင်း)၊ အရှင်ရေဝတ (မင်းဘူး) ပဋိစ္စသမုပ္ပါဒ်သင်တန်းနည်းပြ (မကွေး)၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ ပြည်တွင်း/ပြည်ပသာသနာပြုနယ်လှည့်ဓမ္မကထိက၊ ကာယကံမေတ္တာဖောင်ဒေးရှင်းဆရာတော် အရှင်ကုသလနှင့်စာပေပညာရှင်များက ဟောပြောပို့ချပေးကြောင်း သိရသည်။ **လင်းခန့်**

# ဒလမြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြော

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၃ ရက်တွင် တုံးတင်ဂံ(တောင်)ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးကျော်ညီညီထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့်ဟောပြောပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး၊ ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များ စသည့်အသိပညာဗဟုသုတများကို ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

အဆိုပါ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တုံးတင်ဂံ (တောင်)ကျေးရွာမှ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

# ညောင်လေးပင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြ



ညောင်လေးပင် ဇွန် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမှတ်(၁၂)စက်မှုလယ်ယာစခန်း (ညောင်လေးပင်မြို့နယ်)မှပြုလုပ်သော ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇွန်လ ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကြံဘိုကျေးရွာအုပ်စု လက်ပံဘုအရှေ့စုကျေးရွာရှိ တောင်သူဦးညွန့်အောင်၏ ကွင်းအမှတ် (၁၉၃) ကြိုးကြာမြောက်ကွင်း ဦးပိုင်အမှတ် (၂၃/၄) ဆင်းသုခစိုက်ဧက ၁၂ ဧက၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆန်းနိုင်က စက်ကြီးကောက်စိုက်စက်ဖြင့် စိုက်ပျိုးရခြင်းအကျိုးကျေးဇူးများကို ပြောကြားကာ တောင်သူများ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးပြီး ကျွမ်းကျင်ဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးကြသည်။

အဆိုပါကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်အဆင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူ ၆၅ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကသာမြို့၌ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းဆောင်ရွက်



ကသာ ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စွန့်ပစ်အမှိုက်များကို အမျိုးအစားအလိုက် စနစ်တကျခွဲခြားစွန့်ပစ်ခြင်းဖြင့် သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်ရရှိစေရန်ရည်ရွယ်၍ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းကို ဇွန်လ ၂၃ ရက်တွင် ကသာမြို့ မြို့မစည်ပင်သာယာဈေးကြီး၌ ဆောင်ရွက်သည်။

အဆိုပါသရုပ်ပြပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းကိုဦးက အသိပညာပေးဟောပြောရာတွင် မြေထု၊ ရေထု၊ လေထု စသည့်ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများကို ကာကွယ်နိုင်သော အကြောင်းအရာများ၊ ပုပ်သိုးဆွေးမြည့်လွယ်သော စွန့်ပစ်အမှိုက်များကို ခွဲခြားစွန့်ပစ်ထားသည့်အတွက် အနံ့ဆိုးများထွက်ခြင်း၊ ဗက်တီးရီးယားနှင့် ကပ်ပါးကောင်များပေါက်ပွားခြင်းကို ကာကွယ်နိုင်ခြင်းကြောင့် ပြည်သူလူထုအတွက် ကျန်းမာရေးဆိုင်ရာအကျိုးကျေးဇူးများ ရရှိနိုင်သည့်အကြောင်းအရာများကို ဟောပြောသည်။

ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းကိုဦးက အမှိုက်အမျိုးအစားခွဲခြားခြင်း၊ အမှိုက်စိုအတွက် အမှိုက်ပုံး အစိမ်းရောင်၊ အမှိုက်ခြောက်အတွက် အမှိုက်ပုံးအဝါရောင်၊ ပလတ်စတစ်အမှိုက်အတွက် အမှိုက်ပုံးအပြာရောင်၊ ဘေးအန္တရာယ်ရှိသည့် အမှိုက်အတွက် အမှိုက်ပုံးအနီရောင်တို့ကို သတ်မှတ်ပေးပြီး တက်ရောက်လာကြသော ဈေးသူ ဈေးသားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက အမှိုက်ခွဲခြားစွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ကျော်စွာထွန်း(ကသာ)**

# နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကိုရှေးရှုပြီး ကဏ္ဍအလိုက်၊ အဆင့်အလိုက် မိမိတို့၏လုပ်ငန်းတာဝန်များကို လုပ်ကိုင်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၃

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ သင်ကြား၊ စီမံဌာနများမှ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတစ်ခုစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၏မူဝါဒများကို အကောင်အထည်ဖော်ရသည့် အရာရှိကြီးများ၏အခန်းကဏ္ဍသည်အရေးကြီးကြောင်း၊ အရာရှိကြီးများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ရှေးရှုပြီး ကဏ္ဍအလိုက်၊ အဆင့်အလိုက် မိမိတို့၏ လုပ်ငန်းတာဝန်များကို စွမ်းရည်ထက်မြက်စွာ စဉ်ဆက်မပြတ်မှန်မှန်ကန်ကန်လုပ်ကိုင်ဆောင်ရွက်တတ်စေရန်နှင့်လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်လာစေရန် ယခုကဲ့သို့ သင်တန်းများကို လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၂၃ ဦး စုစုပေါင်း၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်လ ၂၃ ရက်မှ ဩဂုတ်လ ၂၈ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ်ပင်မရုံးအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများ၊ ပါမောက္ခ၊ ပညာဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ သင်ခန်းစာမှတ်စုများ၊ သင်ရိုးညွှန်းတမ်းများကိုကြည့်ရှုစစ်ဆေးပြီး ခေတ်စနစ်နှင့်လိုက်လျောညီထွေရှိသော သင်ရိုးညွှန်းတမ်းများဖြစ်စေရေး၊ ရည်ညွှန်းကိုးကားစာအုပ်များ မှန်ကန်စွာကိုးကားပြုစုနိုင်ရေး မှာကြားကြောင်း သတင်းရရှိသည်။ မြဝတီ

# ပန်းတိုင်အထွက်ရရှိရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနနှင့်တောင်သူများပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မောင်းရမ်းတောင်သူပညာပေးစင်တာ၌ ဒေသခံစပါးစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံဆွေးနွေးစဉ် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ လယ်သမားများနှင့် စဉ်ဆက်မပြတ် ကွင်းဆင်းထိတွေ့ပြီး စိုက်ပျိုးရေးနည်းပညာပေးရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး၊ AI နည်းပညာကို တောင်သူများ အကျိုးရှိထိရောက်စွာအသုံးပြုတတ်စေရန် စွမ်းဆောင်ရည်မြှင့်တင် ပညာပေးခြင်းများဆောင်ရွက်ရန်၊ မိုးရာသီတွင် ရေထုတ်ရန်ခက်ခဲသည့် လယ်မြေများအတွက် ရေနေခံစပါးမျိုးကဲ့သို့ ရေနစ်ခံနိုင်သည့် စပါးမျိုးကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ချက်များ၊ ပန်းတိုင်အထွက်နှုန်းထက်မြင့်မားသည့် တောင်သူအရေအတွက် များနိုင်သမျှ များအောင်ဆောင်ရွက်ရန်နှင့် အထွက်နှုန်းများသည့် တောင်သူများ လိုက်နာကြသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များကို မှတ်တမ်းတင်ထားရှိရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများ၏ ယခင်ခေတ်အဆက်ဆက် စိုက်ပျိုးခဲ့ကြသည့်စပါးမျိုးနှင့် ၎င်းတို့၏ အရည်အချင်းလက္ခဏာများအပေါ် တောင်သူများ၏အမြင်များ၊ ယခင်က အောင်မြင်ခဲ့သည့် မနောသုခကဲ့သို့စပါးမျိုးများ၏ သမိုင်းကြောင်းနှင့် လက်ရှိတွင် တောင်သူများလိုအပ်သည့် စပါးမျိုး၌ရှိရမည့် အရည်အချင်းလက္ခဏာများ၊ အသက်ရက် ၁၂၀ ထက်မကြီးဘဲ အပင်အမြင့် ၃ ပေခွဲခန့်နှင့် အပင်တောင့်တင်းကာ အနံ့ကောင်းမွှန်ပြီး စားသုံးမှုအရည်အသွေးကောင်းမွန်သည့်စပါးမျိုးလိုအပ်မှု၊ စပါးသီးနှံရိတ်သိမ်းချိန်တွင် သီးနှံလေလွင့်ဆုံးရှုံးမှု လျှော့ချနိုင်ရန်တို့ကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လုပ်ကွက်ငယ် တောင်သူများအနေဖြင့် မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မောင်းရမ်းအုပ်စုကွင်း၌ စိုက်ပျိုးပြသထားသည့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော YAR-14၊ YAR-10၊ YAR-07၊ ဆင်းရွှေရင်-၃၊ ဆင်းရွှေရင်-၂၊ ဆင်းရွှေရင်-၁၊ အောင်နိုင်တိုး စသည့် စပါးမျိုးရှစ်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို ဆွေးနွေးပွဲတက်ရောက်လာသောတောင်သူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြရာ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သုတေသီများ၊ စိုက်ပျိုးပညာပေးရေးဝန်ထမ်းများ၊ ဇလောင်း၊ မောင်းရမ်း၊ မင်းကုန်း၊ တောင်ညို၊ သရက်တောကျေးရွာတို့မှ တောင်သူ ၅၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

လှိုင်ကော် ဇွန် ၂၃

၂၀၂၅ ခုနှစ် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ဒေါဥခူရပ်ကွက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်အားကစားရုံ အမှတ်(၃)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီအဖွဲ့ဝင်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသည့် အားကစားသမားနှင့် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အသင်းများကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို မေလ ၂၀ ရက်မှ စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နိုင်ငံ့အကျိုးပြု လေကြောင်းနှင့် အာကာသဆိုင်ရာအင်ဂျင်နီယာ လူငယ်ကောင်းများ စဉ်ဆက်မပြတ်ပျိုးထောင်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇွန်လ ၂၁ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိမြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးငလျင်ဒဏ်ကြောင့် ပင်မစာသင်ဆောင်နှင့် အဆောက်အအုံများထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော်လည်း ငလျင်ဒဏ်မခံရသော အဆောက်အအုံများနှင့် သာမန်အသေးစားထိခိုက်မှုဖြစ်ပေါ်ခဲ့သော အဆောက်အအုံများကိုပြုပြင်၍ သင်တန်းများဖွင့်လှစ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမှန်တကယ် အားထားရသည့် လေကြောင်းနှင့် အာကာသဆိုင်ရာ အင်ဂျင်နီယာလူငယ်ကောင်းများဖြစ်စေရေး ရည်မှန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Aerospace Research Laboratory သို့ရောက်ရှိခဲ့ပြီး ငလျင်ဘေးဒဏ်သင့် လေကြောင်းနှင့်အာကာသပညာပြခန်းမှ ခေတ္တရွှေ့ပြောင်းထားသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာလူထုအခြေပြုပရဟိတရန်ပုံငွေ **“ယဉ်ကျေးဖလှယ်စုပေါင်းညီညာ၊ ဤကမ္ဘာ”** အစီအစဉ်ဖြင့် လှူဒါန်းထားသည့် ကမ္ဘာ့ပထမဆုံးအာကာသယာဉ်မှူး ယူရီဂါဂါရင် အထိမ်းအမှတ်ရုပ်တုနှင့် ပြခန်းရှိလေကြောင်းနှင့် အာကာသဆိုင်ရာပစ္စည်းများကို ရွှေ့ပြောင်းထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြဝတီ

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများကုန်သွယ်မှု၊ အသုံးပြုမှုနှင့်ထိန်းသိမ်းဆောင်ရွက်မှုများ အပိုင်း(၂)

ဒေါက်တာလပြည့်ခင်

**ယမန်နေ့မှအဆက်**

**Schedule-II တွင်ပါဝင်သော ထိန်းချုပ်ဓာတုပစ္စည်း (၈) မျိုး**

(က) ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ဇယား(၂)ပါထိန်းချုပ်ဓာတုပစ္စည်းများ-

(၁) Acetone (အက်စီတုန်း): $C_3H_6O$ (67-64-1)

(၂) Anthranilic Acid (အင်သရာနီလစ်အက်စစ်): $C_7H_7NO_2$ (118-92-3)

(၃) Ethyl Ether (အီသိုင်းလ်အီသာ) : $C_4H_{10}O$ (60-29-7)

(၄) Hydrochloric Acid (ဟိုက်ဒရိုကလိုရစ်အက်စစ်): HCl (7647-01-0)

(၅) Methyl Ethyl Ketone (မီသိုင်းလ်အီသိုင်းလ်ကီတုန်း): $C_4H_8O$ (78-93-3)

(၆) Piperidine (ပိုင်ပါရီဒင်း): $C_5H_{11}N$ (110-89-4)

(၇) Sulphuric Acid(ဆာလဖျူရစ်အက်စစ်) : $H_2SO_4$ (7664-93-9)

(၈) Toluene (တော်လူအင်း): $C_7H_8$ (108-88-3)

**Schedule-III တွင်ပါဝင်သော ထိန်းချုပ်ဓာတုပစ္စည်း (၁၀) မျိုး**

မြန်မာနိုင်ငံ၏လိုအပ်ချက်အရ ထိန်းချုပ်ထားသောဓာတုပစ္စည်း (၁၀)မျိုးကို ဇယား(၃) ဖြင့် ဖော်ပြနိုင်ပါသည်-

(၁) Ammonium Chloride (အမိုနီယမ်ကလိုရိုက်): $NH_4Cl$ (12125-02-9)

(၂) Ammonium Nitrate (အမိုနီယမ်နိုက်ထရိတ်): $NH_4NO_3$ (6484-52-2)

(၃) Caffeine (ကေဖင်း): $C_8H_{10}N_4O_2$ (58-08-2)

(၄) Lead Acetate (လိဒ်အစီတိတ်): $Pb(C_2H_3O_2)_2$ (1335-32-6)

(၅) Methylamine/ Methylamine Hydrochloride (မီသိုင်းလမင်း/ မီသိုင်းလမင်းဟိုက်ဒရိုကလိုရိုက်): $CH_3NH_2$ (74-89-5)/ $CH_3NH_2.HCl$ (593-51-1)

(၆) Sodium Acetate (ဆိုဒီယမ်အစီတိတ်) : $C_2H_3NaO_2$ (127-09-3)

(၇) Sodium Cyanide (ဆိုဒီယမ်ဆိုင်ယာနိုက်): NaCN (143-33-9)

(၈) Safrole Rich Oil (ဆာဖရိုးကြွယ်ဝသောအဆီ): 8006-80-2

(၉) Tartaric Acid (တာတာရစ်အက်စစ်) : $C_4H_6O_6$ (87-69-4)

(၁၀) Thionyl Chloride (သိုင်အိုနိုင်းလ်ကလိုရိုက်): $Cl_2OS$ (7719-09-7)






**စောင့်ကြည့်သင့်သည့်ဓာတုပစ္စည်း (၆)မျိုး**

၂၀၀၀ ပြည့်နှစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ ထိန်းချုပ်ရေး ညီလာခံ၏ဆုံးဖြတ်ချက်အရ စောင့်ကြည့်သင့်သည့်ဓာတုပစ္စည်း(၆)မျိုးကို ထပ်မံသတ်မှတ်ခဲ့သည်-

(၁) Phosphrous Trichloride (ဖော့စဖရပ်စ်ထရိုင်ကလိုရိုက်): $PCl_3$ (7719-12-2)

(၂) Phosphrous Pentachloride (ဖော့စဖရပ်စ်ပင်တာကလိုရိုက်): $PCl_5$(10026-13-8)

(၃) Palladium and its Salts (ပလက်ဒီယမ်နှင့် ၎င်း၏ဆားများ) : Pd (P ($C_6H_4SO_3$.Na)$_3$)$_3$.9$H_2O$ (14024-61-4)

(၄) Barium Chloride (ဘေရီယမ်ကလိုရိုက်): $BaCl_2$ (10361-37-2)

(၅) Acetyl Chloride (အက်စီတိုင်းကလိုရိုက်): $C_2H_3OCl$ (75-36-5)

(၆) Ethyliidene Diacetate (အီသိုင်းလ်လဒင်းဒိုင်အစီတိတ်): $C_6H_{10}O_4$ (542-10-9) တို့ဖြစ်သည်။

**နှစ်မျိုးသုံးဓာတုပစ္စည်းများသတိထား**

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဓာတုပစ္စည်း (၄၃) မျိုးကို ထိန်းချုပ်လျက်ရှိပြီး ဓာတုပစ္စည်းများ လမ်းလွဲမရောက်ရှိစေရေးအတွက် အဆင့်ဆင့်စစ်ဆေးကြပ်မတ်၍ ဆောင်ရွက်လျက်ရှိသည်။ ပြည်ပနိုင်ငံများမှ ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှုမရှိစေရေးနှင့် လမ်းလွဲမရောက်ရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဓာတုပစ္စည်းတင်ပို့ရောင်းချသည့် ပြည်ပနိုင်ငံများနှင့် ပို့ကုန်ကြိုတင်သတင်းပေး (Pre-Export Notification, PEN) စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများတွင် တရားဝင်ဆေးဝါးအဖြစ် ရောစပ်အသုံးပြုသော ဓာတုပစ္စည်းများဖြစ်သည့် ဆာလဖျူရစ်အက်စစ်များ၊ နာမည်တံဆိပ်မဲ့ချောင်းဆိုးပျောက်ဆေးအရည်များနှင့် အချို့ဆေးဝါးပစ္စည်းများကို စစ်ဆေးဆောင်ရွက်ရန် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့လက်အောက်ရှိ ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့၏ မှတ်တမ်းများမှ တစ်ဆင့် စောင့်ကြပ်စစ်ဆေးလျက်ရှိသည်။ ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းလွဲမှုမရောက်ရှိစေရေးနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်နေမှုများအား နည်းစနစ်ကျစွာ ထိန်းချုပ်နိုင်မှသာလျှင် ထုတ်လုပ်မှုများ လျော့ကျသွားမည်ဖြစ်သည်။ အချို့လုပ်ငန်းကုမ္ပဏီများသည် နိုင်ငံတကာက သတ်မှတ်ထားသော ထိန်းချုပ်ဓာတုပစ္စည်းများကို လုပ်ငန်းသုံးအတွက် တင်သွင်းလျက်ရှိပြီး အမှန်တကယ် အသုံးချမှုရှိ မရှိ သိရှိနိုင်စေရန် နိုင်ငံတစ်ဝန်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိထိန်းချုပ်ဓာတုပစ္စည်းများ စစ်ဆေးရေးအဖွဲ့များနှင့် ချိတ်ဆက်၍ ၎င်းတို့ပေးပို့သော စာရင်းများနှင့် တင်သွင်းကုမ္ပဏီ၏ စာရင်းများကို ကြပ်မတ်စစ်ဆေးလျက်ရှိသည်။

အထက်ပါ ထိန်းချုပ်ဓာတုပစ္စည်းများ (Precursor Chemicals)သည် တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်ရုံသာမက တရားဝင်စက်မှုလက်မှုလုပ်ငန်းများနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်လည်းကောင်း၊ ဆေးဝါးများ၊ ဆိုးဆေးများ၊ သုတ်ဆေးများ၊ ချေးချွတ်ဆေးများ၊ ချော်ဆီများ၊ ဓာတုဖော့ရည်များ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများထုတ်လုပ်ရာတွင်လည်းကောင်း အဓိကအသုံးပြုသည့် ဓာတုပစ္စည်းများဖြစ်ကြောင်း ပြည်သူများ လေ့လာသိရှိရှောင်ရှားနိုင်ရန်ဖြစ်သည်။

၎င်းထိန်းချုပ်ဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ် အသုံးပြုမှုများတွေ့ရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ သတင်းပေးပို့နိုင်သည်။ မည်သူမဆိုမူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့် ယင်းသို့တင်သွင်းခြင်း၊ တင်ပို့ခြင်းပြုလုပ်ရန် ဆက်သွယ်ခြင်းစသည်တို့ကိုကျူးလွန်ကြောင်း စသည်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် ၁၅ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ခြင်း ခံရမည်ဖြစ်သောကြောင့် မည်သူမျှမကျူးလွန်မိစေရန် သတိပေးနိုးဆော်လိုသည်။


**မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး**

မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ၊ စိတ်ကြွရူးသွပ်ဆေးများ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရတစ်ခုတည်း သီးခြားဆောင်ရွက်၍မရသကဲ့သို့ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူပြည်သားများနှင့် အခြားလူမှုအဖွဲ့အစည်းများကလည်း ဟန်ချက်ညီညီ အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်မှသာ ထိရောက်အောင်မြင်နိုင်မည်ဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာပေါ်ရှိလူသားအားလုံး၏ ပြဿနာဖြစ်ခြင်းကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည့်အပြင် အဆိုပါမူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်ရေးဆွဲကာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNODC (United Nations Office on Drugs and Crime)၊ AFP (Australian Federal Police)၊ DEA (Drug Enforcement Administration)၊ NNCC (National Narcotics Control Commission)၊ ONCB (Office of Narcotics Control Board) တို့နှင့်လည်း ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ၂၀၂၅ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ကျရောက်မည့် (၃၈) နှစ်မြောက် "**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့**"အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တင်ပြလိုက်ရပါသည်။ ။


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

**စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း**



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊






(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





**ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်**
- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီး မီတာ ၄၈၀၀ စက်ဘီးပြိုင်ပွဲကျင်းပ



ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး မီတာ ၄၈၀၀ စက်ဘီးပြိုင်ပွဲကို ဇွန်လ ၂၂ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရှိစက်ဘီးကွင်း၌ ကျင်းပသည်။

"ကျွန်တော်တို့စက်ဘီးအဖွဲ့ချုပ်အနေနဲ့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ပြင်ဆင်နေတဲ့အချိန် အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် လူငယ်တွေကို ယှဉ်ပြိုင်လိုစိတ်ရှိအောင် ဒီပြိုင်ပွဲကို ကျင်းပတာပါ။ ယှဉ်ပြိုင်တဲ့အထဲမှာ ဆီးဂိမ်းအတွက် ရွေးချယ်ထားတဲ့ ပဏာမလက်ရွေးစင်တွေပါတယ်။ ပြီးတော့ မျိုးဆက်သစ်လူငယ်ကစားသမားတွေလည်းပါတယ်။ ဒီပွဲမှာ မျိုးဆက်သစ်ကစားသမားကောင်းလေးတွေကို တွေ့ရတာဝမ်းသာပါတယ်" ဟု မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဝကပြောသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းမှ စက်ဘီးအားကစားသမား ၇၈ ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများအပြီး တာဝန်ရှိသူများက အမျိုးသမီးမီတာ ၄၈၀၀ ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ အမျိုးသားမီတာ ၄၈၀၀ ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် ပဉ္စမဆုရရှိသူများကိုလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ကြသည်။

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်အနေဖြင့် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဆုတံဆိပ်များမျှော်မှန်းထားပြီး ပြိုင်ပွဲဝင်ကစားသမားများ ပြည်ပနိုင်ငံများ၌ joint training ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ဝန်းရံခ**

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ကျောက်ဆည် ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ဇွန်လ ၂၃ ရက်တွင် ကျောက်ဆည်မြို့ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မူးယစ်ဆေးသုံးစွဲခြင်း၏ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများဖြစ်သည့် စိတ်ကျရောဂါများ အကြောင်းနှင့် မိမိကိုယ်မိမိသေကြောင်းကြံစည်ခြင်း၊ စိတ်ရောဂါဖြစ်ခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ လိင်စိတ်အားနည်းခြင်း၊ ပြင်းထန်စွာစိုးရိမ်ကြောင့်ကြမှုဖြစ်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများဖြစ်သည့် AIDS ခေါ် ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း၊ ဆေးလွန်သဖြင့်မိန်းမောစွာ အိပ်မပျော်ခြင်း၊ သတိမေ့မြောခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရှုံးခြင်း၊ ထုံနာ၊ ကျဉ်နာ၊ အကြောသေရောဂါဖြစ်ခြင်း၊ ဝက်ရူးပြန်တတ်ခြင်း၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အသည်းရောဂါ၊ သွေးကြောပိတ်ရောဂါဖြစ်ခြင်း၊ ခန္ဓာကိုယ်အနှံ့အပြားအနာစိမ်းများပေါက်၍ သွေးဆိပ်တက်ခြင်းများအကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများဖြစ်သည့် ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများတိုးမြှင့်ရေး၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေး အကြောင်းများနှင့် မဟာဗျူဟာနှင့် နည်းဗျူဟာများဖြစ်သည့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှတိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး၊ သုံးစွဲသူပပျောက်ရေး၊ ထုတ်လုပ်မှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးစသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များကို ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# ဘိုကလေးမြို့နယ်၌ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ဘိုကလေး ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ်၌ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်အေးအေး၏ပြောပြချက်အရ သိရသည်။

ဘိုကလေးမြို့နယ်၌ ဇွန်လဒုတိယပတ်မှစ၍ စိုက်ပျိုးရေးကောက်ရိုးမှိုများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်းနှင့် အဆိုပါစိုက်ပျိုးရေးကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာ ၂၅၀၀ မှ ၃၅၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"လက်ရှိရရှိနေတဲ့ စိုက်ပျိုးရေးကောက်ရိုးမှိုဈေးကလည်း မဆိုးတဲ့အတွက် စိုက်ပျိုးသူတွေ တွက်ခြေကိုက်ပါတယ်။ ဒေသတွင်းဈေးကွက်မှာ မှိုတွေအဝယ်လိုက်နေတာပါ။ အရောင်းအဝယ်ကောင်းနေပေမယ့် ကောက်ရိုးမှိုစိုက်သူနည်းတော့ အထွက်နှုန်းနည်းပါတယ်။ ထွက်ရှိလာတဲ့မှိုတွေက အရည်အသွေးလည်းကောင်းတယ်။ မှိုအဖူးတွေပိုရောင်းရတယ်" ဟု ဘိုကလေးမြို့နယ်ရှိ စိုက်ပျိုးရေးကောက်ရိုးမှို စိုက်ပျိုးထုတ်လုပ်ရောင်းချရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးအေးကပြောသည်။

ဘိုကလေးမြို့နယ်၌ စိုက်ပျိုးရေးကောက်ရိုးမှိုများကို ကျေးရွာ ၁၃ ရွာမှ တောင်သူများက အများဆုံးစိုက်ပျိုးကြပြီး တောင်သူတစ်ဦးလျှင် ၁၅ ပေပတ်လည် ပေါင် ၁၅ ပေါင်မှ ပေါင် ၅၀ အထိ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီးသည့်ရက်မှ ၁၅ ရက်ကြာလျှင် တစ်ကြိမ်ခူးဆွတ်ရကာ အိတ်စွပ်ပြီး ရောင်းတမ်းဝင်သည်အထိ တစ်ပေါင်လျှင် အထွေထွေကုန်ကျစရိတ်ငွေကျပ် ၄၅၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

**သုတကျော်**

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် နိုင်ငံတကာမြင်းစီးအားကစားပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၃**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် MEF Cup အပြည်ပြည်ဆိုင်ရာ မြင်းစီးအားကစားပြိုင်ပွဲကို ဇွန်လ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် မြင်းစီးအားကစားကွင်း၌ ကျင်းပသည်။

"တကယ်တမ်း အိုလံပစ်နေ့က ဇွန်လ ၂၃ ရက်မှာ ကျရောက်တာဖြစ်ပြီး ဇွန်လ ၂၂ ရက်မှာ အကြိုအနေနဲ့ ကျင်းပတာပါ။ အင်တာနေရှင်နယ်အိုလံပစ်ကော်မတီရဲ့ ရည်ရွယ်ချက်က ပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်နိုင်ရမယ်၊ ပြိုင်ပွဲဝင်အချင်းချင်း အပြန်အလှန်လေးစားမှုရှိရမယ်၊ ပြိုင်ပွဲဝင်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိရမယ်။ အဲဒီအပိုင်းသုံးပိုင်းနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်ကပြောသည်။

ယင်းပြိုင်ပွဲတွင် လူသစ်တန်း တန်းခုန်ပြိုင်ပွဲ၊ အသက် ၁၈ နှစ်အောက် တန်းခုန်ပြိုင်ပွဲ၊ အလွတ်တန်း တန်းခုန်ပြိုင်ပွဲနှင့် မြင်းအလှစီး (Dressage) ပြိုင်ပွဲများ ထည့်သွင်းကျင်းပရာ လူသစ်တန်း တန်းခုန်ပြိုင်ပွဲ၌ အားကစားသမားဝင်းထွန်းနိုင်က မြင်းအမည် စိန်မိုးမေနှင့် ပထမ၊ အားကစားသမားဇော်ညီညီက မြင်းအမည် Merry နှင့် ဒုတိယ၊ အားကစားသမားဇင်မောင်က မြင်းအမည် မဟာထွန်းနှင့်တတိယ၊ အသက် ၁၈ နှစ်အောက် တန်းခုန်ပြိုင်ပွဲ၌ အားကစားသမားကျော်တိုးလင်းက မြင်းအမည် တော်ဝင်ထွန်းနှင့် ပထမ၊ အားကစားသမားဖြိုးကျော်မြင့်သန်းက မြင်းအမည် Stella နှင့် ဒုတိယ၊ အားကစားသမားရဲပိုင်ဦးက မြင်းအမည် ဒေါ်လီနှင့်တတိယဆုများ အသီးသီးရရှိကြသည်။

ထို့အတူ အလွတ်တန်းပြိုင်ပွဲတွင် အားကစားသမားသန်းထက်လင်းက မြင်းအမည် Angel နှင့်ပထမ၊ အားကစားသမားအောင်ကိုကိုခန့်က မြင်းအမည် K3 နှင့်ဒုတိယ၊ အားကစားသမားသန်းတိုးအောင်က မြင်းအမည် တောသူမနှင့် တတိယ၊ အလှစီးပြိုင်ပွဲ၌ အားကစားသမားကောင်းမြတ်သူက မြင်းအမည် စိန်နီပွင့်နှင့် ပထမ၊ အားကစားသမားဖြိုးကျော်မြင့်သန်းက မြင်းအမည် စိန်ရဲလင်းနှင့် ဒုတိယ၊ အားကစားသမားရွှန်းလဲ့ဖူးလှိုင်က မြင်းအမည် Ravenna နှင့် တတိယဆုများ ဆွတ်ခူးရရှိကြသည်။



အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ နည်းပြများ၊ အနုပညာရှင်များနှင့် မြင်းစီးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအပြီးတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**ဝန်းရံခ**

**❍ ကျောဖုံးမှအဆက်**

တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများကို အင်အားဖြည့်ကျွေးမွေးနိုင်ရန်အတွက် နိုင်ငံတော်က ထပ်ဆောင်းတိုးမြှင့်ပေးသည့် ငွေများ အလေအလွင့်မရှိစေရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီး ဦးထိန်လင်းက လက်ရှိ ကျွေးမွေးနေမှုအခြေအနေများနှင့် အာဟာရပြည့်ဝအောင် ထပ်မံကျွေးမွေးသင့်သည့်အစားအစာများကို အကြံပြုဆွေးနွေးတင်ပြပေးရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အားကစားဆေးဘက်ဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် အားကစားနည်းအလိုက် အုပ်ချုပ်သူများနှင့် နည်းပြများက အားကစားနည်းအလိုက် လိုအပ်သည့်အာဟာရ၊ အားကစားသမားတစ်ဦး၏ တစ်နေ့တာလိုအပ်သည့်ကယ်လိုရီအရ ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်များ၊ အသီးအနှံများနှင့် အစားအသောက်များကို ညီညွတ်မျှတစွာ အလေအလွင့်မရှိဘဲ စနစ်တကျချက်ပြုတ်ကျွေးမွေးပေးနိုင်ရေးဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

# ဝန်ကြီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများဆွေးနွေး



နေပြည်တော် ဇွန် ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)၏ ယာယီရုံးအကြီးအကဲ Ms. Vanessa May ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ဝန်ကြီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ နိုင်ငံတော်မှဆောင်ရွက်နေသည့် ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရုံးနှင့်ဝန်ထမ်းအိမ်ရာများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အသင့်တပ်ဆင်အသုံးပြုနိုင်သည့် ယာယီရုံးခန်း(Prefabricated Office)နှင့် ယာယီဝန်ထမ်းအိမ်ရာ (Prefabricated House)လှူဒါန်းထားရှိမှုအခြေအနေများ၊ AHA Centre မှလှူဒါန်းသည့် ယာယီစာသင်ကျောင်းဆောင်များ (Prefabri-cated School) ဆောက်လုပ်ပြီးစီးမှု၊ UNOCHA ၏ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# ၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးလေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မကွေးမြို့ရှိ နယ်မြေခံလေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများသည် တပ်မတော်(လေ)ပိုက်ကျော်ခြင်းအသင်း၏ ခြင်းလုံးသရုပ်ပြခတ်ကစားမှုနှင့် ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း (၁၄)သင်းဖြင့် ဇွန်လ ၂၇ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

# အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် သင်တန်းသား၊ သင်တန်းသူများအတွက် စားစရိတ်ငွေပေးအပ်

တောင်ကြီး ဇွန် ၂၃

ရှမ်းပြည်နယ်အစိုးရအဖွဲ့က အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်သင်တန်းသား၊ သင်တန်းသူများအတွက် စားစရိတ်ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသိပ္ပံ စားရိပ်သာ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တက်ရောက် အမှာစကားပြောကြားပြီး ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် သင်တန်းသား၊ သင်တန်းသူများအတွက် စားစရိတ်ငွေကျပ်သိန်း ၇၀၀ ပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့် သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ စာကြည့်တိုက်နှင့် ဆေးခန်းတို့ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် သင်တန်းသား ၆၆ ဦး၊ သင်တန်းသူ ၅၀ ဦး စုစုပေါင်း ၁၁၆ ဦး အားကစားနှင့်ပညာရေးကို ပေါင်းစပ်လေ့လာသင်ယူလျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အကြမ်းဖက်သမားတွေရဲ့ခြိမ်းခြောက်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ်ဖြေဆိုခွင့်အား ဖိအားများနဲ့ဖြတ်သန်းခဲ့ရသော ညောင်ဦးမြို့မှကျောင်းသား/ကျောင်းသူများ”**ခေါင်းစဉ်ဖြင့် ၂၅-၆-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အမျိုးသမီး ၆ ဦးအပေါ် အကြောင်းမဲ့ ရက်ရက်စက်စက်နှိပ်စက်ခဲ့ကြတဲ့ ပခုက္ကူမှ ပြည်သူ့ကာကွယ်ရေးဆိုတဲ့ အကြမ်းဖက် PDF အဖွဲ့”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**❍ ရှေ့ဖုံးမှအဆက်**

နည်းပညာတွေကို စိုက်ပျိုးရေးဦးစီးဌာနကဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးလျာထားချက်ပြည့်မီစေဖို့ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်” ဟု ဦးဆန်းဝင်းကပြောသည်။

ဇရတ်ကောင်းမြို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားဧက ၁၄၀၂၃ ဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ စပါးမျိုးစေ့အသုံးပြုမှုမှန်ကန်စေရန်၊ ဓာတ်မြေဩဇာစနစ်တကျအသုံးပြုတတ်စေရန်၊ ဓာတ်မြေဩဇာအစားထိုး သစ်စိမ်းမြေဩဇာများအသုံးပြုစိုက်ပျိုးနိုင်ရန် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားရေရိက္ခာဖူလုံပေါများရေးနှင့် ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် မြန်မာနိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိကြောင်း၊ မိုးစပါးကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွင်း ဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ပြန်ကြားရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ



နေပြည်တော် ဇွန် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲတို့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝင်းအတွင်း ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့်ဌာနဆိုင်ရာများအလိုက် ပျိုးပင်များကို ခွဲဝေပေးအပ်ရာ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကို သစ်တောဦးစီးဌာန နေပြည်တော် ဥတ္တရသီရိခရိုင်ဦးစီးမှူး ဦးကျော်ကျော်အောင်က လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူပြီး စိုက်ပျိုးကြမည့် ဝန်ထမ်းများအား ဆက်လက်ခွဲဝေပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများက သစ်ပင်၊ ပျိုးပင်များကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုံးအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာများသို့ ရေဖြန့်ဝေပေးနေသည့် ရေဂါလန် ၁၅၀၀၀၀ ဆံ့ရေစစ်ကန်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ငါးမျိုးစိုက်ထည့်ပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ငါးကန်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ငါးမျိုးများကို ဦးစွာ စိုက်ထည့်ပေးကြပြီး တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများက ငါးမျိုးများကို ဆက်လက်စိုက်ထည့်ပေးကြသည်။

ဆက်လက်၍မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဆိတ် ၁၇၅ ကောင် မွေးမြူထားရှိမှုနှင့် ဘဲ ၃၆၆ ကောင် မွေးမြူထားရှိမှုတို့အား ကြည့်ရှုအားပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်က ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်၊ ပျိုးပင် ၁၆၀၀၊ ၂၀၂၃ ခုနှစ်တွင် သစ်ပင်၊ ပျိုးပင် ၁၄၀၀ နှင့် စိန်တစ်လုံးသရက်ပျိုးပင် ၆၂၅ ပင်၊ ၂၀၂၄ ခုနှစ်က သစ်ပင်၊ ပျိုးပင် ၁၅၀၀ နှင့် စိန်တစ်လုံးသရက်ပင် ၅၀၀ စိုက်ပျိုးခဲ့ကြပြီး ယနေ့ကျင်းပသည့် စတုတ္ထအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်၊ ပျိုးပင် ၁၅၀၀ နှင့် စိန်တစ်လုံးသရက်ပင် ၅၀၀ စိုက်ပျိုးမှုနှင့်အတူ ငါးမြစ်ချင်းကောင်ရေ ၂၅၀၀ နှင့် ထိုင်းငါးခုံးမသားပေါက်ကောင်ရေ ၂၅၀၀ စိုက်ထည့်ပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံတွင် စက်မှုဌာနခွဲမှ အင်ဂျင်နီယာဝန်ထမ်းများအတွက် တစ်လကြာဖွင့်လှစ်သည့် Advanced Course for Broadcasting Training သင်တန်းဖွင့်လှစ်လေ့ကျင့်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ Conference Room တွင် Elevate ကုမ္ပဏီမှ CEO က MRTV ရုပ်သံလိုင်းများအား Internet Over the Top (OTT) ထုတ်လွှင့်ရာတွင် CND အရေးပါ အသုံးပြုမှုနှင့် AI နည်းပညာဖြင့် ရုပ်/သံ ထုတ်လုပ်တင်ဆက်ခြင်းဆိုင်ရာများ ရှင်းလင်းပြသမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် News Studio-2 တွင် MRTV HD Channel မှ နေ့စဉ် ည ၇ နာရီနှင့် နောက်တစ်နေ့ နံနက် ၉ နာရီတို့တွင် ထုတ်လွှင့်လျက်ရှိသည့် "မေးမြန်းဖြေကြား ပြည်သူ့အတွက် သတင်းစကား" အစီအစဉ် ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးပြီး Online တွင် ပျံ့နှံ့နေသည့် မဟုတ်မမှန်သတင်းများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများထံ အလျင်အမြန် ဆက်သွယ်မေးမြန်းပြီး သတင်းမှန်ပြန်ကြားခြင်းကဏ္ဍကို အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပျဉ်းမနားမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ပင်စင်လစာလာရောက်ထုတ်ယူကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ လူမှုရေးအသင်းအဖွဲ့များက အခမဲ့ဆံသပေးခြင်းနှင့် စတုဒိသာကျွေးမွေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လျှပ်စီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ပြန်လည်ပြုပြင်နေမှု၊ ရန်အောင်မြင်ဆည် ပင်မတမံနှင့် ကုန်းကျောတမံများ ပြန်လည်ပြုပြင်နေမှု၊ ရာဇဌာနီလမ်းမကြီးနှင့် ရာဇသင်္ဂဟလမ်းမကြီး လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း(AC)ခင်းကျင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **ထွန်းလင်း(ဇေယျာမြေ)**

# ၂၀၂၅ ခုနှစ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲပြုလုပ်

နေပြည်တော် ဇွန် ၂၃

၂၀၂၅ ခုနှစ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ဟိုပုံးတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးက ဒိုင်အဖွဲ့ဝင်များနှင့် လက်ဝှေ့သရုပ်ပြယှဉ်ပြိုင်သူများအား ဂုဏ်ပြုဆုငွေများပေးအပ်သည်။ အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇွန်လ ၃၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



၂၀၂၅ ခုနှစ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄˚c / | ၃၀˚c |
| ရန်ကုန် | ၂၄˚c / | ၃၀˚c |
| မန္တလေး | ၂၇˚c / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အင်အားအနည်းငယ်ရှိ မြေငလျင်များလှုပ်ရှား

နေပြည်တော် ဇွန် ၂၃

ဇွန်လ ၂၂ ရက် ညနေ ၅ နာရီ ၅၃ မိနစ် ၄၀ စက္ကန့်အချိန်တွင် တောင်ကြီးမြေငလျင်စခန်းမှတောင်-အရှေ့တောင်ဘက် ၇၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(လွိုင်ကော်မြို့၏အရှေ့မြောက်ဘက် ၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၃၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

ထို့ပြင် ယနေ့နံနက် ၆ နာရီ ၃၂ မိနစ် ၃၃ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက်ဘက် ၇၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ပြည်မြို့၏အရှေ့ဘက်၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၈၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၃၄ ဒီဂရီ၊ အနက် ၁၇ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများအတွက် မျိုး၊ မြေဩဇာသွင်းအားစု၊ မျိုးစေ့ချကိရိယာ(Seeder)များနှင့် လက်ဆွဲကောက်စိုက်စက်ပေးအပ်

နေပြည်တော် ဇွန် ၂၃

မျိုး၊ မြေဩဇာသွင်းအားစု၊ မျိုးစေ့ချကိရိယာ(Seeder)များနှင့် လက်ဆွဲကောက်စိုက်စက်ပေးအပ်ခြင်း၊ လယ်ယာဝန်ဆောင်မှုအသင်းများနှင့် ချိတ်ဆက်ထွန်ယက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေးနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့မှု၊တိုင်းဒေသကြီးမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းဒေသကြီး မန်နေဂျာက ဘဏ်အရစ်ကျစနစ်ဖြင့် တောင်သူတစ်ဦးချင်း၊ သမဝါယမအသင်းသားတစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအစုအဖွဲ့ အနေဖြင့် သော်လည်းကောင်း သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရယူပြီး ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူနိုင်မည့် အခြေအနေ၊ ကဏ္ဍအလိုက် မျိုးစေ့ထုတ်လုပ်မှု၊ သွင်းအားစုမြေဩဇာ ထုတ်လုပ်မှု၊ လယ်ယာသုံးစက်ကိရိယာ တင်သွင်းရောင်းချနေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး သမဝါယမအသင်းများအတွက် အထွက်တိုးစပါးမျိုးများ၊ အစေ့ချစက် (Seeder)များနှင့် သွင်းအားစု မြေဩဇာများကို အသင်းသားတောင်သူများထံ ပေးအပ်ကြပြီး ခင်းကျင်းပြသထားသော မျိုးစေ့များ၊ မြေဩဇာသွင်းအားစုများ၊ လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပဲခူးမြို့နယ် အိုးဘိုကျေးရွာ၌ အိုးဘိုကျေးရွာ သမဝါယမလယ်ယာဝန်ဆောင်သမဝါယမအသင်းမှ ထွန်စက်များဖြင့် ထွန်ယက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အသင်းသားတောင်သူများထံ မျိုးစေ့၊ မြေဩဇာသွင်းအားစုနှင့် မျိုးစေ့ချကိရိယာ(Seeder)များ ထောက်ပံ့ ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာ၌ ဆိုင်ကယ်ပြင်သင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော သင်တန်းသားတစ်ဦး၏ "သူ" ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်း၊ ရန်ကုန်-ပဲခူးကားလမ်းမကြီးမှ ရဲမွန်ကျေးရွာသို့ ဆက်သွယ်သော လမ်းအားကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် မှော်ဘီမြို့နယ် ရဲစုကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် မွေးမြူထားသော နို့စားနွားမွေးမြူရေးလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# ကျောင်းသား၊ ကျောင်းသူများအား အမှန်တကယ်တတ်မြောက်အောင် စေတနာထားသင်ကြားပေးစေလို

နေပြည်တော် ဇွန် ၂၃

ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဇွန်လ ၁၆ ရက်မှ ၂၂ ရက်အထိ အောင်မြင်စွာကျင်းပပြီးစီးအောင်ပိုင်းဝန်းကူညီတာဝန်ထမ်းဆောင်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများကို ဖွင့်လှစ်ခဲ့သည်မှာ သုံးပတ်ရှိပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအား အမှန်တကယ်တတ်မြောက်အောင် စေတနာထားသင်ကြားပေးစေလိုကြောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင် ဆရာ၊ ဆရာမများခန့်ထားခြင်း၊ ကျောင်းလခကောက်ခံခြင်းများကို ညွှန်ကြားချက်များအတိုင်း လိုက်နာမှုရှိစေရေးကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေးအထူးကြပ်မတ်ဆောင်ရွက်ရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်နေသောလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တက်ရောက်လာသူများက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုပိုမိုတိုးမြှင့်ရေးဆွေးနွေး

မန္တလေး ဇွန် ၂၃

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံရုံးမှ သံအမတ်ကြီး H.E.Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ၊ လူမှုရေးကဏ္ဍများ၊ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ



# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဇွန်လ ၂၃ ရက်အထိ သေဆုံးသူ ၃၇၆၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၄၅ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး၊ သေဆုံးသူ ၈၃၉ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

မြဝတီ

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Bogale Township dispatches 66,000 viss of catfish to Yangon market



BOGALE June 23

"Local merchants from Bogale Township in Ayeyawady Region sent 66,000 viss of catfish to Yangon market,"said Daw Su Su Hlaing, the owner of fishery depot in Bogale Township.

They sold 45,000 viss of catfish to Yangon in April, compared to 66,000 viss in May. Now, catfish fvetches Ks-175,000 per 10 viss.

She added: "Merchants from Bogale Township sold many viss of catfish to Yangon last month. Depending on demand from Yangon market, they sell fish. Catfish is one of the best domestic consumption among the people. Currently, catfish is in high demand. It gets Ks- 17,500 per viss. Local merchants sell other marine products to Yangon."

Fishermen sell catfish to domestic market as well as Yangon market. Thanks to high demand of catfish at the market, local farmers in addition to all persons in production change are convenient in their livelihoods.

**SK**

# A large number of green clams sent to Yangon market



MAWLAMYINEGYUN June 23

"Local merchants from Mawlamyinegyun Township of Ayeyawady Region sold a large number of green clams to Yangon market," said Daw Moe Myint, the owner of fishery product trading in Mawlamyinegyun Township.

They supply green clams to Yangon market. In April, they sent 50,000 green clams to Yangon market, in comparison with 70,000 viss in May due to high demand from Yangon.

She disclosed: "Green clams are in high demand at Yangon market. Merchants sent larger volume of green clams to Yangon in previous months. Local fishermen catch fish, prawn and crabs naturally. They send fishery products including green clams to Yangon market via Mawlamyinegyun Township. High demand reflects creation of more and more job opportunities for fishermen and those in production chain. At present green clam fetches Ks-15,500 per viss."

Merchants and businesspersons purchase marine products from fishermen in Mawlamyinegyun Township to sell it with systematic processing and packaging process to Yangon market which distributes fishery products to other regions and states.

**SMK**

# KhinU Township completes cultivation of more than 3,000 acres of vegetables

KHINU June 23

According to KhinU Township Agriculture Department, a total of 3,843 acres of vegetable plantations have been planted in KhinU Township of Sagaing Region this monsoon.

In 2025-2025 monsoon season, local authorities earmarked 10,479 acres of vegetables but local farmers planted 3,843 acres of crops against the target cultivation.

U Nay Win Naing, Head of KhinU Township Agriculture Department commented: "Township authorities earmarked cultivation of more than 10,000 acres of vegetables this monsoon but farmers have so far planted more than 3,000 acres of crops. Our department helps local farmers meet the target cultivation. Local farmers plant mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage and other crops. Our department shares techniques with local farmers to grow healthy crops with least chemical residues."

Agricultural courses were conducted for local farmers and agricultural staff to enhance their capacity so as to grow GAP applied crops and produce healthy crops with expansion of sown acreage this year.

Vegetable plantations are thriving in KhinU Township. These plantations can earn incomes for families of farmers. The Agriculture Department educates local farmers to use correct agricultural techniques, and prevent pests, fertilizers and pests.

**SMK**

# Plan underway to grow more than 20,000 acres of monsoon pigeon peas in ChaungU Township

CHAUNGU June 23

Local farmers will grow more than 20,000 acres of pigeon peas in monsoon in ChaungU Township of Sagaing Region, according to ChaungU Township Agriculture Department.

Local authorities earmarked cultivation of 20,300 acres of pigeon peas in the township in 2025-2026 season, and so farmers will start cultivation in June till September.

"This year, we set a plan to cultivate more than 20,000 acres of pigeon pea in ChaungU Township this monsoon. Our department will support local farmers to meet the target cultivation with provision of quality strains of crops. Local farmers grow pigeon peas as separate crop in addition to mixed-crops," said U Tint Swe, Head of the Township Agriculture Department.

This year, officials of ChaungU Township Agriculture Department will make field trips to the plantations for urging local farmers to select quality strains of crops, use correct agricultural techniques and prevent pests for boosting per-acre yield of crops.

Officials of the Township Agriculture Department distributes techniques of making natural fertilizers to reduce purchase of folio fertilizers and prevent pests.

**SK**

# Farmers finish harvest of sesame in Kawlin District

KAWLIN June 23

According to records from the Kawlin District Department of Agriculture, the harvesting of all sesame crops planted during the winter season, has been completed in Kawlin District, Sagaing Region.

During the winter planting season, a total of 28,192 acres of sesame were cultivated in Kawlin District. The harvesting process began in December 2024 and has now been fully completed. The average yield was 11.73 baskets per acre.

U Win Thein, the head of the Kawlin District Agriculture Department said: "The total sesame cultivation in Kawlin District this winter reached 28,192 acres. As of now, 100 percent of these crops have been harvested. Sesame cultivation is growing year by year, and it is mainly planted during the winter. As an oilseed crop, it has been highly successful."

Local farmers in Kawlin Township harvested 14,055 acres of sesame, Wuntho Township 9,005 acres and Pinlebu Township 5,132 acres, totalling 28,192 acres against the target cultivation.

For the upcoming 2024-2025 winter season, local authorities earmarked cultivation of 15,635 acres of sesame in Kawlin Township, 9,010 acres in Wuntho Township and 5,122 acres in Pinlebu Township, totalling 29,767 acres.

The Department of Agriculture is actively providing support to farmers by promoting expanded sunflower cultivation, improved farming techniques, and GAP (Good Agricultural Practices) methods. Efforts are being made to ensure the use of high-quality seeds with higher yield potential.

Sesame crops grown under the GAP system offer superior quality, better market prices, and increased export potential. Farmers who adopt GAP-certified cultivation methods can enhance their income and improve their socio-economic conditions by accessing both domestic and international markets.

**SMK**

# Merchants from Bogale Township send bags of broken rice to Yangon market

BOGALE June 23

"A large number of bags of broken rice were sent to Yangon market from Bogale Township of Ayeyawady Region," said Daw Aye Myint, the trader of rice and paddy depot in Bogale Township.

In April of this year, Bogale Township was able to sell up to 450,000 bags (24-pyi size) of broken rice to the Yangon market. In May, they exported and sold up to 64,000 bags within just one month. These broken rice exports from the region are reportedly seeing strong demand in the Yangon market.

"We mainly export and sell broken rice from Bogale Township to the Yangon market. Most of the shipments are made using cargo trucks. From the first week of the month, there has been a notable increase in demand for broken rice. Business owners are continuously exporting and selling the rice. Since the sales and transportation are going smoothly without any difficulties, the merchants are satisfied," said Daw Aye Myint, a rice trader and warehouse owner in Bogale Township.

It is reported that the broken rice exported from Bogale to Yangon is currently priced at Ks-41,000 per 24-pyi bag. Due to the rise in sales and exports, rice traders, warehouse owners, cargo workers, and truck drivers who rent out their vehicles are all benefiting from the situation.

**SK**



# Sagaing Township completes cultivation of more than 1,000 acres of peanut in monsoon



SAGAING June 23

According to Sagaing Township Agriculture Department, local farmers have planted more than 1,000 acres of peanut in Sagaing Township of Sagaing Region this monsoon.

Local authorities earmarked cultivation of 9,427 acres of peanut in Sagaing Township in 2025-2026 monsoon season, but local farmers have planted 1,859 acres of peanut.

U Myo Thant Aung, Head of Sagaing Township Agriculture Department unveiled: "Local farmers planted more than 1,000 acres of peanut against the target of over 9,000 acres this year. Our department helps local farmers meet the target cultivation. Sown acreage of peanut is on the rise year by year."

It needs to use 1.5 baskets of peanut seeds per acre in growing peanut and costs more than Ks-200,000 per acre for seeds, labour charge, fertilizers and pesticides but plantations yield more than 50 baskets per acre.

This year, agricultural staff inspected peanut plantations for prevention of pests and thriving of crops, in addition to weeding after conducting the agricultural records.

**SMK**

# Farmers finish cultivation of monsoon green gram in ChaungU Township this year

CHAUNGU June 23

Local farmers have planted 1,627 acres of monsoon green gram in ChaungU Township of Sagaing Region this year, according to the township agriculture department.

Although local authorities earmarked cultivation of 14,030 acres of green gram this year, local farmers planted 1,627 acres of crops against the target in 2025-2026 cultivation season.

U Tint Swe, Head of ChaungU Township Agriculture Department, said: "Local authorities set a plan to grow more than 14,000 acres of monsoon green gram this year but local farmers have so far planted more than 1,000 acres against the target cultivation. Our department helps local farmers grow green gram to meet the target. Moreover, we urge local farmers to expand sown acreage of green gram and use quality seeds for boosting of crops."

This year, officials of the township Agriculture Department organize local farmers to use quality strains of crops and fertilizers and prevent pests to boost per-acre yield of crops.

Moreover, township-level officials provide quality seeds, agricultural inputs and post-harvest technologies to local farmers.

**SK**

# Putin meets Iran's top diplomat Araghchi in Kremlin



MOSCOW June 23

Iran's Foreign Minister Abbas Araghchi has arrived in Moscow to hold 'serious consultations' with President Putin following the US airstrikes on Iran's nuclear facilities.

Russian President Vladimir Putin has met with Iranian Foreign Minister Abbas Araghchi in the Kremlin, a Sputnik correspondent reported.

The Foreign Minister arrived late on Sunday to hold talks with Putin and senior Russian officials and discuss the development of the situation in the Middle East and in the world after the US and Israeli strikes on Iran.

Unprovoked aggression against Iran has no basis or justification, Putin stated during a meeting with Araghchi.

Tehran is grateful to Moscow for condemning actions of Israel, US against Iran, Araghchi told Putin.

"We would also like to thank Russia for strongly condemning these actions. Russia today is on the right side of history and international law. [Iran's Supreme Leader Ayatollah Ali Khamenei] and [Iranian President Masoud Pezeshkian] asked me to convey their best wishes to you. I hope that today we will be able to discuss the full range of issues related to these events," Araghchi said, adding that attacks on Iran by the US and Israel are contributing to escalation of tensions in the Middle East.

Tehran believes actions of the US and Israel against Iran to be illegitimate and reiterates that the country has the right to defence itself, the foreign minister added. **Sputnik**

## Thailand steps up border controls with Cambodia to combat transnational crime: PM

BANGKOK June 23

Thai Prime Minister Paetongtarn Shinawatra announced on Monday that Thailand will tighten its border controls with neighboring Cambodia to combat transnational crime.

Speaking after a high-level meeting at the government house, Paetongtarn said restrictions on cross-border travel for both vehicles and individuals will be enforced, including limiting operating hours at checkpoints.

She stated that crossings in seven provinces along the Thai-Cambodian border will be limited to essential travel, such as for students, medical patients, and vital goods.

The Prime Minister said Thailand will halt exports of goods, particularly fuel and electricity, that support illegal operations across the border and will consider suspending fuel shipments to Cambodia suspected of being used in unlawful activities.

Internet services and submarine internet cables connected to Cambodia's government and military entities will also be suspended, she said.

Following Paetongtarn's announcement, the Thai military unveiled strengthened measures on border crossing with Cambodia, allowing only essential and humanitarian travel.

Thailand's latest measures came amid mounting border tensions with Cambodia. Cambodia said on Sunday it would stop fuel and gas imports from Thailand, while advising its citizens against non-essential travel to Thailand. **Xinhua**

## China's Juneyao Air launches direct flights from Shanghai to Vladivostok

VLADIVOSTOK June 23

Chinese carrier Juneyao Air on Monday launched a direct flight service between Shanghai and Vladivostok, Vladivostok International Airport announced on its official website.

The inaugural flight was welcomed with a special ceremony at the airport.

To commemorate the occasion, the airport distributed a limited edition of postcards to the first group of passengers, along with their boarding passes.

The new service will operate twice weekly, on Mondays and Fridays, throughout the summer flight season. Flights will be operated using an Airbus A320 configured in a two-class layout, with a flight time of approximately 3 hours and 30 minutes.

With Juneyao Air entering the route, the total number of weekly flights between Shanghai and Vladivostok has increased to eight. Russian carriers Rossiya Airlines and S7 Airlines also serve the route.



Founded in 2005 and headquartered in Shanghai, Juneyao Air operates a network of domestic and international flights from Shanghai's Hongqiao and Pudong airports. **Xinhua**

## Iran evacuated equipment, uranium from fordow facility days before US strikes - Reports

MOSCOW June 23

Iran removed equipment and uranium from the Fordow nuclear facility days before US strikes, the New York Times reports, citing two Israeli officials.

Last Sunday, IAEA Director General Rafael Grossi said that craters from penetrating munitions had been recorded at the Iranian nuclear facility of Fordow. At the same time, according to him, no one, including the IAEA, can currently assess the extent of damage underground at the Fordow facility.

There is evidence that Iran has removed equipment and uranium from the facility in recent days, the newspaper said.

There is mounting evidence that the Iranians, heeding repeated threats from US President Donald Trump to take military action, have removed 400 kilograms of uranium enriched to 60 percent, the publication claims, citing two Israeli officials familiar with the intelligence data.

The US struck three Iranian nuclear facilities in Natanz, Fordow and Isfahan on the night of June 22. The attack, according to Washington, was designed to destroy or seriously weaken Iran's nuclear program. **Sputnik**

## Suicide bomber attacks Orthodox church in Syria

DAMASCUS June 23

An explosion has occurred at Mar Elias Church in the Syrian capital of Damascus, multiple media outlets reported on Sunday. The Orthodox Christian church was reportedly struck by a suicide bomber during mass.

At least 20 people were killed and 52 others wounded, the Syrian Health Ministry told SANA news agency in a statement.

Graphic footage circulating online shows the church interior sustained considerable damage, with mangled bodies and large puddles of blood inside.

The blast was followed by gunshots, eyewitnesses told the UAE-based English-language newspaper The National. The origin of the weapons fire was not immediately clear.

"I was in my car driving when I heard an explosion just as I passed the church. People started screaming and I heard gunshots," an eyewitness told the newspaper. "Cars and ambulances started arriving. I saw many people injured and others may have been killed."

The Syrian Interior Ministry has attributed the attack to Islamic State (IS, formerly ISIS) terrorist group, stating that the assailant opened fire on church goers before detonating an explosive belt, according to SANA news agency.

A priest at the church gave a different account of events, stating that there were two attackers, who opened fire outside before entering and blowing themselves up. **RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# Experts discover trendy diet loved by millions no better than other weight loss plans



Intermittent fasting—a trendy eating pattern beloved by celebrities and A-listers—is no better than regular dieting, a major review has suggested.

Hollywood stars like Jennifer Aniston, Nicole Kidman, Cameron Diaz and Mark Wahlberg have jumped on the trend since it shot to prominence in the early 2010s.

It sees dieters cram all their meals into a strict daily time window, or in extreme examples, skip some entirely.

But now, in a major review of data on the diet, a team of international researchers found the benefits from fasting were essentially 'trivial' compared to normal dieting.

Neither eating meals in a specific time window—like in an eight hour period—or doing fasting for five days of the week and then eating normally for two were found to be any better for losing weight.

In fact, alternate day fasting—where people fast for 24 hours on alternate days—was only found to help people lose more weight, with dieters slimming down 2.84 lbs (1.29 kg) more, on average.

However, this difference didn't meet what the researchers said was the minimum clinical threshold of 4.4 lbs (2 kg).

But they did say this type of intermittent fasting was found to lower cholesterol levels.

Time restricted fasting, which involves a 16 hour fast followed by an eight-hour eating window, was found to slightly increase cholesterol levels.

No benefit was found for blood sugar levels or 'good' cholesterol levels in any of the fasting diet strategies.

In the study, researchers analysed the results of 99 randomised clinical trials involving 6,582 adults, aged 45 on average, to compare intermittent fasting with calorie reducing diets.

Writing in the BMJ, the scientists said while their data suggested intermittent fasting was better for losing weight than not dieting at all, it didn't stand out compared to a basic calorie-counting diet.

'Minor differences were noted between some intermittent fasting diets and continuous energy restriction, with some benefit for an alternate day fasting strategy with weight loss in shorter duration trials,' they added.

'All intermittent fasting strategies and continuous energy restriction diets showed a reduction in body weight when compared with an ad-libitum diet (allowing yourself to eat at any time).

'Of three intermittent fasting diets alternate day fasting showed benefit in body weight reduction compared with continuous energy restriction.'

Independent experts, not involved in the research, said the findings were unsurprising.

Professor Naveed Sattar, an expert in cardiometabolic medicine at the University of Glasgow, said: 'Overall, the results do not surprise as there is nothing magical about intermittent fasting for weight loss—beyond being another way for people to lower their calorie intake.

'Whether it is sustainable over the longer term is worth examining.

'For those who need to lose much more weight, other options are now clearly available.'

Meanwhile, Dr Amanda Avery, an expert in nutrition and dietetics at the University of Nottingham, added: 'The pros and cons of intermittent fasting have been debated for some time now.

'This review can hopefully end the debate with the conclusion that if someone chooses intermittent fasting and overall a nutritionally balanced diet is still achieved, then it could be used as one of the options to support weight loss.'

Experts have long been divided over the effectiveness of intermittent fasting as well as its potential long term health impacts.

Some have even warned that it may raise the risk of strokes, heart attacks or early death.

One study earlier this year also suggested intermittent fasting could trigger type two diabetes.

Around two in three adults in the UK are obese or overweight, giving the country one of the highest obesity rates in Europe.

Obesity itself increases the chances of person suffering serious health conditions that can damage the heart, such as high blood pressure.

Last year, a sobering report also suggested Britain's spiralling obesity levels have fuelled a staggering 39 percent rise in type 2 diabetes among people under 40, with 168,000 Brits now living with the illness.

Piling on the pounds has also been linked to at least 13 types of cancer and is the second biggest cause of the disease in the UK, according to Cancer Research UK.

**Mail Online**

# Greek authorities battle multiple wildfires on Chios

ATHENS June 23

Greek authorities are continuing efforts to contain a series of wildfires on the eastern Aegean island of Chios, where conditions have been described as extremely critical, the Athens-Macedonian News Agency (AMNA) reported on Monday.

According to the Greek Fire Department, a fifth wildfire broke out around 10:00 a.m. local time (0700 GMT) on Monday in a forested region near Agiasmata in northern Chios, far from the other four active fires. Authorities are seriously considering the possibility of deliberate arson, and an arson investigation unit has been dispatched to the island.

The emergency alert service 112 sent evacuation instructions on Monday to residents of Aghios Sykousis and Dafnonas, as flames approached those communities. Evacuation orders had already been issued for a dozen other settlements since midday Sunday, the report said.

The initial wildfire erupted before Sunday noon in the Kofinas area and was quickly fanned by strong winds, severely hampering firefighting efforts. Within a short time, two more fires were reported in the areas of Aghia Anna and Aghios Makarios Vrontadou.

Firefighters worked through the night between Sunday and Monday to contain the blaze. At dawn on Monday, water-dropping helicopters resumed operations, while additional firefighting personnel and equipment arrived by boat from the port of Piraeus.

Greek Climate Crisis and Civil Protection Minister Yiannis Kefalogiannis traveled urgently to Chios by helicopter to oversee the emergency response. A total of 190 firefighters have been deployed to the island, including 11 ground teams, 38 fire engines, and four aircraft, according to the Fire Department.

**Xinhua**

# ရေသန့်ဖြန့်ဖြူး၊ ဟိုက်ဒရိုဂျင်ထုတ်၊ ကာဗွန်ကင်းမဲ့စွမ်းအင်ပေးမယ့် စွမ်းအင်စနစ်အသစ်



စွမ်းအင်စနစ်တစ်ခုကနေ အများဆုံးပြန်ထုတ်ပေးနိုင်တာက စွမ်းအင်တစ်ခု သို့မဟုတ် စွမ်းအင်တစ်ခုနဲ့ ထွက်ကုန်တစ်ခုဖြစ်ပါတယ်။ ဒါကို သမားရိုးကျစနစ်မှာ အများဆုံးတွေ့ရှိရတာပါ။ ဒါပေမဲ့ စွမ်းအင်စနစ်တစ်ခုတည်းကနေပြီး ရေသန့်ကိုလည်းထုတ်မယ်၊ ဟိုက်ဒရိုဂျင်ကိုလည်းထုတ်မယ်၊ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်မယ့် လျှပ်စစ်ဓာတ်အားကိုလည်းထုတ်မယ်ဆိုတာကတော့ မဖြစ်နိုင်လောက်ဘူးလို့ ယူဆစရာရှိပါတယ်။ တကယ်တော့မဖြစ်နိုင်တာမရှိဘူးဆိုတာကိုသက်သေပြလိုက်တာကတော့ အမေရိကန်ပြည်ထောင်စုအခြေစိုက် NuScale Power Corporation ဆိုတဲ့ကုမ္ပဏီပါပဲ။

သူတို့က ပေါင်းစပ်စွမ်းအင်စနစ်တစ်ခုကိုဖန်တီးနိုင်ရေးအတွက် သုတေသနအစီအစဉ်များကိုစတင်လုပ်ဆောင်လိုက်ပါပြီ။ သူတို့ရဲ့အစီအစဉ်ကနေထွက်ပေါ်လာမယ့် ပေါင်းစပ်စွမ်းအင်စနစ်က သန့်ရှင်းတဲ့သောက်သုံးရေ၊ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့နဲ့ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်တဲ့ လျှပ်စစ်ဓာတ်အားတို့ကိုတစ်ပြိုင်နက်တည်း ထုတ်လုပ်ပေးမှာဖြစ်ပါတယ်။ အဲဒီကုမ္ပဏီက အစောပိုင်းမှာအသေးစားမော်ဂျူးပုံစံဓာတ်ပေါင်းဖိုနည်းပညာကိုအသုံးပြုပြီး စက်မှုလုပ်ငန်းနဲ့ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတွေကိုကိုင်တွယ်နေတာပါ။ အခုလိုမျိုး ထုတ်ပြန်လိုက်ချိန်မှာတော့ သူတို့အနေနဲ့ အဲဒီနည်းပညာကိုတိုးချဲ့အသုံးပြုသွားဖို့လုပ်ဆောင်မယ်ဆိုပြီး ပြောလိုက်တာနဲ့အတူတူပါပဲ။

အခုဖန်တီးမယ့်စနစ်မှာ NuScale Power Module (NPM) တစ်ခုကို R.O ရေသန့်စင်စနစ်နဲ့ပေါင်းစပ်မှာဖြစ်ပါတယ်။ ကုမ္ပဏီရဲ့ထုတ်ပြန်ချက်အရဆိုရင် NPM တစ်ခုတည်းက ရေသန့်ဂါလန်ပေါင်းသန်း ၁၅၀ ခန့်ကိုထုတ်လုပ်ပေးနိုင်တယ်လို့ဆိုပါတယ်။ အဲဒီလိုထုတ်လုပ်ပေးရာမှာလည်း ကာဗွန်ဓာတ်ငွေ့ကိုထုတ်လွှတ်မှုလုံးဝမရှိပါဘူး။ ဒါကြောင့် NPM ၁၂ လုံးရှိရင် လူဦးရေ ၂ ဒသမ ၃ သန်းလောက်နေထိုင်တဲ့မြို့တစ်မြို့ကို ရေသန့်လုံလောက်စွာဖြန့်ဖြူးပေးနိုင်မှာဖြစ်ပြီး တစ်ချိန်တည်းမှာပဲ အိမ်ခြေ ၄ သိန်းကို လျှပ်စစ်ဓာတ်အားထောက်ပံ့ပေးနိုင်မှာဖြစ်တယ်လို့ ကုမ္ပဏီရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။

ရေကိုသန့်စင်တဲ့နေရာမှာ ဘေးထွက်ပစ္စည်းအဖြစ်ထွက်လာတာက ဆားရည်ဖြစ်ပါတယ်။ ဆားရည်ဆိုတာသဘာဝပတ်ဝန်းကျင်အတွက် ဆိုးကျိုးဖြစ်စေတဲ့ပစ္စည်းတစ်ခုပါ။ ဒါကြောင့် NuScale မှသုတေသနပညာရှင်များက ဆားရည်ကိုအသုံးချပြီး အကျိုးရှိစေမယ့်ပစ္စည်းတစ်မျိုးကိုထုတ်လုပ်ဖို့ စိတ်ကူးလာပါတယ်။ သူတို့ရဲ့စိတ်ကူးအရဆိုရင် ထွက်လာမယ့်အရာက သန့်ရှင်းစွမ်းအင်ကမ္ဘာကြီးအတွက်လိုအပ်တဲ့ဟိုက်ဒရိုဂျင်စွမ်းအင်ပါပဲ။ ဟိုက်ဒရိုဂျင်ထုတ်လုပ်ရာမှာ သမားရိုးကျလျှပ်စစ်သုံးဓာတ်ခွဲနည်းကိုအသုံးမပြုတဲ့အတွက် စွမ်းအင်သုံးစွဲမှုနဲ့ ရေအသုံးပြုမှုတို့ကိုလည်း လျှော့နည်းစေမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# သမုဒ္ဒရာရေစီးကြောင်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမယ့် ရေအောက်တာဘိုင်များ



ကျွန်တော်တို့လူသားတွေအနေနဲ့လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို နည်းလမ်းအမျိုးမျိုးနဲ့ထုတ်လုပ်လျက်ရှိပါတယ်။ သမားရိုးကျအားဖြင့်ဆိုရင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေး သို့မဟုတ် နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ အစရှိတာတွေကနေ လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်ရယူနေကြတာပါ။ အခုနောက်ပိုင်းမှာတော့ ပြည့်ဖြိုးမြဲစွမ်းအင်လို့ခေါ်တဲ့ သန့်ရှင်းစွမ်းအင်ကနေတစ်ဆင့် လျှပ်စစ်ကိုထုတ်လုပ်လာကြပါပြီ။

အဲဒီသန့်ရှင်းစွမ်းအင်တွေထဲမှာ နေရောင်ခြည်အသုံးပြုတာ၊ လေစွမ်းအင်ကိုအသုံးပြုတာတွေပါဝင်ပါတယ်။ အခုနောက်ဆုံးပေါ်နည်းလမ်းတစ်ခုကတော့ သမုဒ္ဒရာရေစီးကြောင်းကနေမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်တာပါ။ နေရောင်ခြည်တို့၊ လေတို့ဆိုတာ ကမ္ဘာကြီးပေါ်မှာအမြဲတမ်းတည်ရှိနေနိုင်မယ့်အရာတွေဖြစ်ပေမယ့်လည်း တစ်ခါတလေမှာဆိုရင် မိုးအုံ့ခြင်းကြောင့် နေမထွက်နိုင်သလို လေဆိုတာကလည်း ရံဖန်ရံခါငြိမ်သက်နေနိုင်ပါတယ်။ ဒါပေမဲ့ သမုဒ္ဒရာထဲမှာဖြစ်ပေါ်နေတဲ့ ရေစီးကြောင်းဆိုတာကတော့ ဘယ်သောအခါမှရပ်တန့်မှာမဟုတ်တဲ့ သဘာဝစွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။

ဒီလိုမျိုးသဘာဝစွမ်းအင်အရင်းအမြစ်ကိုအကျိုးရှိစွာအသုံးချပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ဖို့ကြိုးပမ်းလာတဲ့ကုမ္ပဏီကတော့ နယ်သာလန်နိုင်ငံမှ Equinox Ocean Turbines ဆိုတဲ့ကုမ္ပဏီပဲဖြစ်ပါတယ်။ သူတို့ဖန်တီးမယ့်အရာက ဂျက်လေယာဉ်တစ်စင်းရဲ့အရွယ်အစားရှိတဲ့ ရေအောက်တာဘိုင်တွေဖြစ်ပါတယ်။ အဲဒီတာဘိုင်တွေက သမုဒ္ဒရာရေစီးကြောင်းရဲ့အားနဲ့သာလည်ပတ်ကြမှာပါ။

သူတို့ဖန်တီးမယ့်စနစ်ထဲမှာ မီတာ ၅၀ အရှည်ရှိတဲ့ကွန်ကရစ်ဒလက်တစ်ခုပါဝင်ပါတယ်။ ဒလက်တစ်ခုစီမှာ အသေးစားတာဘိုင်များပါဝင်ပြီး သူတို့က ရေအောက်ထဲမှာသာ လုံးလုံးလျားလျားအလုပ်လုပ်မှာပါ။ သူ့ကြောင့် မြင်ကွင်းနှောင့်ယှက်မှုမရှိသလို ပတ်ဝန်းကျင်အပေါ်လည်း ထိခိုက်မှုရှိစေမှာမဟုတ်ပါဘူး။ အဲဒီတာဘိုင်တစ်ခုက တည်ငြိမ်တဲ့ရေစီးကြောင်းအောက်မှာဆိုရင် ၃ မဂ္ဂါဝပ်ပမာဏရှိတဲ့ လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။

Equinox Ocean Turbines ကုမ္ပဏီက သူတို့ရဲ့ဖန်တီးမှုအတွက် ပထမဆုံးသောစီးပွားဖြစ်အသုံးပြုမှုကို ၂၀၂၇ ခုနှစ်မှာ လုပ်ဆောင်သွားမယ်လို့ဆိုထားပါတယ်။ လက်ရှိမှာတော့ သူတို့အနေနဲ့ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုတွေကို ရရှိထားပါတယ်။ အဲဒီရင်းနှီးမြှုပ်နှံမှုတွေက Samenwerkingsverband Noord-Nederland (SNN) Valorisatie အစီအစဉ်၊ European Regional Development Fund (EFRO) တို့မှဆင်းသက်လာတာပါ။ ဒ့ါအပြင် အခုလိုမျိုးလူအသုံးပြုမှုနည်းတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနည်းပညာကိုရရှိရေးအတွက် ဂရိုနင်ဂျန်တက္ကသိုလ်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ရုရှားတပ်မတော်က ယူကရိန်းစစ်ဘက်အဆောက်အအုံများကို အကြီးစားတိုက်ခိုက်မှုလုပ်ဟု ရုရှားအစိုးရထုတ်ပြန်

**မော်စကို၊ စစ်ရေး**

ရုရှားတပ်မတော်သည် ယူကရိန်းစစ်ဘက်အဆောက်အအုံများကို အကြီးစားတိုက်ခိုက်မှုလုပ်ဆောင်သည်ဟု ရုရှားအစိုးရအဖွဲ့က ဇွန်လ ၂၃ ရက်တွင်ထုတ်ပြန်ထားသည်။

ဇွန်လ ၂၂ ရက် ညသန်းခေါင်ယံတွင် လုပ်ဆောင်သည့် ထိုတိုက်ခိုက်မှုများ၌ တိကျမှုမြင့်မားသောလက်နက်များနှင့် မောင်းသူမဲ့လေယာဉ်များကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပစ်မှတ်ထားတိုက်ခိုက်ခံရသည့် ယူကရိန်းစစ်ဘက်အဆောက်အအုံများတွင် စစ်ဘက်ဆိုင်ရာစက်မှုလုပ်ငန်းများ၊ စစ်သုံးလေယာဉ်ကွင်းရှိ အဆောက်အအုံများ၊ ယူကရိန်းရေတပ်မှ မိုင်းခင်း-တော်ပီဒိုလက်နက်တိုက်တို့ပါဝင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုတွင် လေတပ်ဖွဲ့၊ မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များနှင့် အမြောက်များက ယူကရိန်း၏လက်နက်တိုက်များ၊ ဒရုန်းမောင်းသင်တန်းနေရာများနှင့် ယူကရိန်းနှင့် ပြည်ပမှကြေးစားစစ်သည်များ ယာယီအခြေပြုရာနေရာများကို အောင်မြင်စွာတိုက်ခိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

ယူကရိန်းနိုင်ငံ ကိယက်မြို့ရှိ ဒေသခံများ၏ပြောဆိုမှုအရဆိုလျှင် ရုရှား၏ တိုက်ခိုက်မှုများသည် ဒရုန်းတပ်ဆင်ရေးစက်ရုံများကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း မီဒီယာများကဖော်ပြထားသည်။

မကြာသေးမီကာလက ယူကရိန်းနိုင်ငံက ရုရှားနိုင်ငံအပေါ် ဒရုန်းများဖြင့်တိုက်ခိုက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လာခြင်းကြောင့် ယခုကဲ့သို့တိုက်ခိုက်မှုများကို လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ရုရှားဘက်ကပြောထားသည်။

Ref: RT




# ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရက်ချီတို့တွေ့ဆုံ

**မော်စကို၊ ဆက်ဆံရေး**

အမေရိကန်နှင့် အစ္စရေးက အီရန်နိုင်ငံကိုတိုက်ခိုက်ခြင်းသည် တရားဝင်မှုမရှိဘဲ အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ရုရှားသမ္မတဗလာဒီမာပူတင်က အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရက်ချီနှင့် ဇွန်လ ၂၃ ရက်တွင် တွေ့ဆုံစဉ်ပြောသည်။ ထို့ပြင် အီရန်အပေါ် တိုက်ခိုက်မှုများသည် အခြေအမြစ်မရှိကြောင်းနှင့် ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း ပူတင်ကဆက်ပြောထားသည်။



အီရန်နိုင်ငံခြားရေးဝန်ကြီးသည် ရုရှားနိုင်ငံနှင့်ရင်းနှီးသော၊ တိကျမှုရှိသောနှင့် အလိုအပ်ဆုံးသောအကြံဉာဏ်များကိုရယူနိုင်ရေးအတွက် ယခုခရီးစဉ်ကိုလာရခြင်းဖြစ်ကြောင်းပြောထားသည်။ အလားတူ ပူတင်၏သုံးသပ်ချက်များကို အာရက်ချီက သဘောတူကြောင်း၊ ရုရှားနိုင်ငံက ယနေ့အချိန်တွင် သမိုင်းကြောင်းနှင့်အပြည်ပြည်ဆိုင်ရာဥပဒေ၏ မှန်ကန်သောဘက်တွင်ရပ်တည်နေခြင်းဖြစ်ကြောင်း ပြောသည်။ ထို့အတူ အစ္စရေးနိုင်ငံရှိပစ်မှတ်များကိုအီရန်ကတိုက်ခိုက်ခြင်းသည် တရားနည်းလမ်းတကျတုံ့ပြန်ခြင်းဖြစ်ကြောင်း အာရက်ချီကပြောသည်ဟုသိရသည်။

Ref: RT

# ကမ္ဘာ့ရွှေဈေးနှင့်ရေနံဈေးနှုန်းများ ထပ်မံမြင့်တက်လာ

**ဝါရှင်တန်၊ စီးပွားရေး**

အမေရိကန်က အီရန်ကိုတိုက်ခိုက်မှုအပေါ် အီရန်ဘက်ကလက်တုံ့ပြန်မှုများ လုပ်ဆောင်လာပြီးနောက် ဇွန်လ ၂၃ ရက်တွင် ကမ္ဘာ့ရွှေဈေးနှင့်ရေနံဈေးနှုန်းများ ထပ်မံမြင့်တက်လာကြောင်းသိရသည်။

ကမ္ဘာ့ရွှေဈေးသည် သုည ဒသမ ၈ ရာခိုင်နှုန်းအထိမြင့်တက်လာရာ ယခုနှစ်အတွင်း ရွှေဈေးမြင့်တက်မှုမှာ ၃၀ ရာခိုင်နှုန်းနီးပါးရှိလာသည်။ အလားတူ ရေနံဈေးနှုန်းသည်လည်း ဇန်နဝါရီလနောက်ပိုင်း အမြင့်ဆုံးအဖြစ် ဇွန်လ ၂၃ ရက် နံနက်ပိုင်းအထိ ဘရန့်ရေနံစိမ်းတစ်စည်လျှင် ၇၈ ဒသမ ၉၃ ဒေါ်လာသို့လည်းကောင်း၊ WTI ရေနံစိမ်းတစ်စည်လျှင် ၇၅ ဒသမ ၇၃ ဒေါ်လာသို့လည်းကောင်း အသီးသီးမြင့်တက်လာကြောင်း သိရသည်။

Ref: BP

## သတင်းတိုကဏ္ဍ

# အိန္ဒိယနိုင်ငံ၌ သီတင်းပတ်ပေါင်းများစွာအထိ လုံလောက်သည့် ရေနံစိမ်းများရှိဟုဆို

အိန္ဒိယနိုင်ငံ၌ လာမည့်သီတင်းပတ်ပေါင်းများစွာအထိ လုံလောက်မှုရှိသည့် ရေနံစိမ်းများရှိကြောင်းနှင့် နိုင်ငံအနေဖြင့် လိုအပ်သောရေနံစိမ်းများကို အရင်းအမြစ်ပြောင်းလဲတင်သွင်းထားကြောင်း အိန္ဒိယရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီး ဟားဒီဆင်းပူရီက ဇွန်လ ၂၂ ရက်တွင်ပြောထားသည်။

အမေရိကန်က အီရန်အပေါ်တိုက်ခိုက်မှုများလုပ်ဆောင်ပြီးနောက် အီရန်နိုင်ငံက၎င်းတို့ထိန်းချုပ်ထားသော ဟော်မုရေလက်ကြားကို ပိတ်လာနိုင်သည့်အခြေအနေနှင့်ပတ်သက်၍ ဆင်းပူရီကယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ရေနံတင်သွင်းမှုတတိယအများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် လွန်ခဲ့သောနှစ်အနည်းငယ်မှစ၍ ရေနံစိမ်းပမာဏအများအပြားကို ဟော်မုရေလက်ကြားမှ ဖြတ်သန်းရခြင်းမရှိသည့် အရင်းအမြစ်များမှရယူခြင်းဖြစ်ကြောင်း၊ နိုင်ငံကတင်သွင်းနေသည့် ရေနံစိမ်းစည် ၅ သန်းခွဲတွင် ၂ သန်းခန့်ကသာ ထိုရေလက်ကြားမှ ဖြတ်သန်းခြင်းဖြစ်ကြောင်း ဆင်းပူရီကပြောထားသည်။

Ref: RT

# ပေကျင်း၌ ဒုတိယအမြင့်ဆုံးအပူချိန်မြင့်တက်မှု သတိပေးချက်ထုတ်ပြန်ထား

တရုတ်မိုးလေဝသဌာနက နိုင်ငံ၏မြို့တော် ပေကျင်းမြို့၌ ဒုတိယအမြင့်ဆုံးအပူချိန်မြင့်တက်မှု သတိပေးချက် ထုတ်ပြန်ထားကြောင်းသိရသည်။ ပေကျင်းမြို့အပူချိန်သည် ၃၈ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာနိုင်သည့်အတွက် ပြည်သူများအနေဖြင့် သတိထားရန် မိုးလေဝသဌာနက ဇွန်လ ၂၃ ရက်တွင် သတိပေးချက်ထုတ်ပြန်ထားခြင်းဖြစ်သည်။

ယခုထုတ်ပြန်သော သတိပေးချက်သည် အဝါရောင်အဆင့်သတိပေးချက်ဖြစ်သောကြောင့် ပြည်သူများအနေဖြင့် အမိုးအကာအောက်တွင်သာနေထိုင်ရန်နှင့် အပူလျှပ်ခြင်းမဖြစ်စေရေးအတွက် ရေများများသောက်ရန်လိုအပ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့အတူ ဆောက်လုပ်ရေးအလုပ်သမားများအနေဖြင့် အလုပ်ချိန်ကိုလျှော့ချရန်လိုအပ်ကြောင်း၊ သက်ကြီးရွယ်အိုများ၊ နေမကောင်းသူများ၊ အားနည်းနေသူများအနေဖြင့် ပင်ပန်းစေမည့်အလုပ်များ လုပ်ဆောင်ခြင်းမပြုသင့်ကြောင်း သတိပေးချက်တွင် ဖော်ပြထားသည်ဟု သိရသည်။

Ref: TST

# ထိုင်းဝန်ကြီးချုပ်က အစိုးရအဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်း

ထိုင်းဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်သည် ပြည်တွင်း၌ နိုင်ငံရေးအကျပ်အတည်းနှင့်ရင်ဆိုင်နေရစဉ် ဇွန်လ ၂၃ ရက်တွင် အစိုးရအဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုလုပ်ဆောင်ကြောင်းသိရသည်။

ထိုင်းဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟောင်းတို့ဖုန်းဆက်စကားပြောထားသည့်အသံဖိုင်ပေါက်ကြားလာပြီးနောက် ထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့မှ အဓိကမဟာမိတ်ပါတီဖြစ်သည့် ဘွမ်ဂျိုင်ထိုင်းပါတီက နုတ်ထွက်သွားသည့်အတွက် ထိုင်းအစိုးရအဖွဲ့အနေဖြင့် ပြုတ်ကျရလုနီးပါးဖြစ်လာသည်။ တစ်ချိန်တည်းမှာပင် ဖယ်ထုန်ထန်ရှင်နာဝပ်သည် ဝန်ကြီးချုပ်ရာထူးမှဆင်းပေးရန် တောင်းဆိုမှုနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။

သို့သော် ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ကျန်ရှိသည့်ပါတီ ၁၀ ခုက ဆက်လက်လက်တွဲသွားမည်ဖြစ်ကြောင်းထုတ်ပြန်ပြီးနောက် ဘွမ်ဂျိုင်ထိုင်းပါတီနုတ်ထွက်မှုကြောင့် လစ်လပ်သွားသည့်ဝန်ကြီးနေရာများကို အစားထိုးကာ အစိုးရအဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

Ref: TST

# ဆီးရီးယားရှိ ဘုရားရှိခိုးကျောင်းဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်သူများ တရားဥပဒေအရစီရင်ခံရမည်ဟုဆို

ဇွန်လ ၂၂ ရက်တွင်ဖြစ်ပွားသည့် ဘုရားရှိခိုးကျောင်းတစ်ခု ဗုံးခွဲတိုက်ခိုက်ခံရမှု၌ ပါဝင်သူများသည် တရားဥပဒေအရစီရင်ခံရမည်ဖြစ်ကြောင်း ဆီးရီးယားယာယီသမ္မတ အာမက်အယ်ရှာရာက ဇွန်လ ၂၃ ရက်တွင်ပြောထားသည်။

ဒမတ်စကပ်မြို့ ဒွဲလာရပ်ကွက်ရှိ ဘုရားရှိခိုးကျောင်းတစ်ခုတွင် ပစ်ခတ်မှုများနှင့် အသေခံဗုံးခွဲတိုက်ခိုက်မှုတို့ဖြစ်ပွားရာ လူ ၂၅ ဦးသေဆုံးပြီး ၆၃ ဦးဒဏ်ရာရရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ယင်းတိုက်ခိုက်မှုကိုကျူးလွန်သူသည် IS စစ်သွေးကြွအဖွဲ့နှင့်ဆက်စပ်နေသူဖြစ်ကြောင်း၊ အဆိုပါပြစ်မှုကျူးလွန်သူများကို နေ့ရောညပါရှာဖွေဖော်ထုတ်ဖမ်းဆီးကာ ဥပဒေနှင့်အညီစီရင်သွားမည်ဖြစ်ကြောင်း ရှာရာကထုတ်ပြန်ထားသည်။ ယခုတိုက်ခိုက်မှုသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း ဘုရားရှိခိုးကျောင်းအတွင်းပိုင်း၌ ပထမဆုံးဖြစ်ပွားသောတိုက်ခိုက်မှုဖြစ်ကြောင်း လေ့လာသူများကပြောထားသည်။

Ref: AGC

# တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ အရိယဝံသမြို့ဦးကျောင်းတိုက်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ အရိယဝံသမြို့ဦးကျောင်းတိုက်ရှိသံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၅၀ ပါး အားသွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျောင်းတိုက်အတွင်း ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲကျင်းပ





**နေပြည်တော် ဇွန် ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာနမဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မြန်မာသံတမန်သင်တန်းကျောင်း (Myanmar Diplomatic Academy) နှင့် Naypyitaw State Academy တို့ ပူးပေါင်းဖွင့်လှစ်သည့် သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်း (Diploma in Diplomacy) (၁/၂၀၂၅) ၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းကာလ လေးလကြာမြင့်သော ပညာသင်နှစ်ဝက်နှစ်ခု၊ စုစုပေါင်းသင်တန်းကာလ ရှစ်လဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ သံတမန်ရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးများ၊ နိုင်ငံခြားရေးမူဝါဒများ၊ နိုင်ငံတကာအဖွဲ့အစည်းဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် မျက်မှောက်ခေတ်နိုင်ငံတကာရေးရာဘာသာရပ်များကို ပို့ချသွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ အငြိမ်းစားဒုတိယဝန်ကြီးများ၊ အငြိမ်းစား သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ Naypyitaw State Academy ပါမောက္ခချုပ်နှင့် တက္ကသိုလ်များမှ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း/အမှုထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှစိတ်ပါဝင်စားသူများ၊ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၅၁ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလအတွင်း ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများပို့ချခြင်း၊ ဆန်းစစ်ဆွေးနွေးခြင်း၊ လက်တွေ့လေ့ကျင့်ခန်းများပြုလုပ်ခြင်းများအပါအဝင် အဖွဲ့လိုက်စာတမ်းရေးသားတင်ပြခြင်းတို့ဖြင့် စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

# တာချီလိတ်မြို့တွင် ငွေကျပ် ၆၀၄ ဒသမ ၉ သိန်းကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၃**

တာချီလိတ်မြို့တွင် ငွေကျပ် ၆၀၄ ဒသမ ၉ သိန်းကျော်တန်ဖိုးရှိစိတ်ပြောင်းဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၂၁ ရက်ညနေပိုင်းက သတင်းအရ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ပတ်လမ်းပေါ်တွင် အောင်မျိုးလင်း(ခ)အားဖာ မောင်းနှင်ပြီး အိုက်ဆမ်(ခ)အားဟုန် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ ၂ ဦးထံမှ အိုက်စ်(မက်သ်အဖက်တမင်း)၆ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀) ဖမ်းဆီးရမိသည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ လားဟူဈေးအနီး၌ အိုက်စ် (မက်သ်အဖက်တမင်း) များရောင်းချပေးသူ စိုင်းလုံ(ခ)ဝမ်ဒင်အား ဆိုင်ကယ် ၁ စီးနှင့်အတူ ဖမ်းဆီးရမိပြီး တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်ရှိ ၎င်း၏နေအိမ်အား ဆက်လက်သွားရောက်ရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း) သုည ဒသမ ၀၀၅ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်၅၀၀၀၀ ကျပ်)၊ အက်တက်စီဆေးပြား ၁၁ ပြား (တစ်ပြားလျှင် ၄၀၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄ ဒသမ ၄ သိန်း)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉ ပြား(တစ်ပြားလျှင် ၇၀၀ ကျပ် နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၆၃၀၀ )တို့အား ထပ်မံဖမ်းဆီးရမိသဖြင့် အောင်မျိုးလင်း(ခ)အားဖာ ၂၂ နှစ်၊ အိုက်ဆမ်(ခ)အားဟုန် ၂၂ နှစ်နှင့် စိုင်းလုံ(ခ) ဝမ်ဒင် ၃၂ နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ မိုးညှင်းမြို့နယ်၊ ပင်လုံကျေးရွာအုပ်စု၊ နန့်စီးအောင်ကျေးရွာအနီးတွင် ရွှေကူမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသည့် ရွှေကူစတားယာဉ်လိုင်းမှ HIACE အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် ဇော်မင်းနှင့် ခင်စန်းတင့်တို့ ၂ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇၂ သိန်း)၊ ဘိန်းဖြူ သုည ဒသမ ၀၉၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၉ ဒသမ ၆ သိန်း) ဖမ်းဆီးရမိသဖြင့် ဇော်မင်း ၅၀ နှစ်၊ ခင်စန်းတင့် ၄၉ နှစ် တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ မြဝတီ



တရားခံ အောင်မျိုးလင်း(ခ)အားဖာ၊ အိုက်ဆမ်(ခ)အားဟုန်နှင့် စိုင်းလုံ(ခ)ဝမ်ဒင်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် ဇွန် ၂၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း လျှော့ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ ဇွန်လ ၂၂ ရက်တွင် ၈၂ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်း လျှော့ဘေးသင့်ဝန်ထမ်းများနှင့်ပြည်သူများသို့ ဆန် ၆ ပြည်ပါ(မနောသုခ- Export Quality)၊ ဆန် ၅ ပြည်ပါ(ဖျာပုံပေါ်ဆန်း)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးတံခွန်၊ ငါးပုတ်သင်၊ ငါးနီတူခြောက်၊ အာပုံ့ခြောက်၊ ငါးရောင်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ခေါက်ဆွဲခြောက် တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့်နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အလားတူ ၂၀၂၅ ခုနှစ် ဇွန်လ ၂၂ ရက်တွင် စစ်ကိုင်းမြို့အတွင်း လျှော့ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက်၊ ပုစွန်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီနှင့် အသားတုတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့အတွင်း လျှော့ဘေးသင့်ဝန်ထမ်းများနှင့်ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (မနောသုခ)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက် ၊ အာပုံ့ခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ခေါက်ဆွဲခြောက် တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းသိကောင်းစရာ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



မိုးရာသီကာလတွင် အဖြစ်များနိုင်သည့်
ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ
အကြောင်းသိကောင်းစရာ

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည်

ဝမ်းရောဂါဖြစ်ပွားစေသော ပိုးများပါရှိသည့်



မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှ တစ်ဆင့် ကူးစက်ဖြစ်ပွားစေပါသည်။

**ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။

## ရောဂါပိုးကူးစက်ပုံ

**ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင် ရှိနေသော ရောဂါပိုးများသည်

⇒ ယင်ကောင်မှတစ်ဆင့်လည်းကောင်း

⇒ မသန့်ရှင်းသောလက် စသည်တို့မှလည်းကောင်း

⇒ အစားအစာ၊ သောက်သုံးရေများအတွင်းသို့ ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း)

တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါ ဆက်လက်ကူးစက်စေပါသည်။

## ရောဂါလက္ခဏာများမှာ

- အရည်ဝမ်းများစွာ သွားခြင်း
- ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း
- အော့အန်ခြင်း
- နှလုံးခုန်နှုန်းမြန်ခြင်း
- အရေပြား၏ ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း
- မျက်တွင်းချိုင့်ဝင်ခြင်း
- ခံတွင်း/လျှာနှင့် နှုတ်ခမ်းများ ခြောက်သွေ့ခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း

ဝမ်းလျှောရောဂါ ပြင်းထန်သောအခါ ခန္ဓာကိုယ်အတွင်းမှ ရေနှင့် ဓာတ်ဆားများ လျင်မြန်စွာ ကုန်ခန်းသွားသောကြောင့် အရည်ခန်းခြောက်ခြင်းကို ဖြစ်စေသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယ ရှိလျှင် အချိန်မီကုသမှု မခံယူပါက အသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာ ကျန်းမာရေးဌာန/ဆေးရုံဆေးခန်းများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှု ခံယူပါ။

## ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများမှာ

- အောက်ပါအခြေအနေများတွင် လက်ကိုစနစ်တကျ စင်ကြယ်စွာဆေးကြောပါ -
  - * အစာမစားမီနှင့် အစားအစာ မပြင်ဆင်မီအချိန်တိုင်း
  - * အညစ်အကြေးနှင့် အမှိုက်များကိုင်တွယ်ပြီးချိန်တိုင်း
  - * အိမ်သာမှ ဆင်းချိန်တိုင်း



- ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။



- တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
- အစားအစာများကို ကျက်အောင် ချက်ပြီးမှ စားသုံးပါ။



- အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။



- ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ပါ။



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားနေရပါက (သို့) အော့အန်နေပါက လျင်မြန်စွာ ရေဓာတ်ပြန်ဖြည့်ရန် ဓာတ်ဆားရည်သောက်ပါ။

**ဆေးရုံ ဆေးခန်းသို့** သွားရောက်ရန် ဆောင်ရွက်စဉ် ဓာတ်ဆားရည်ကိုသောက်ပါ။

### ဓာတ်ဆားရည်ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။

→ ဓာတ်ဆားထုပ်တွင်ပါဝင်သော အသုံးပြုသက်တမ်း ကုန်ဆုံးရက်ကို စစ်ဆေးပါ။ သက်တမ်းကုန်ဆုံးပါက အသုံးမပြုပါနှင့်။

→ ဓာတ်ဆားထုပ် (ORS) ၁ ထုပ်နှင့် ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာကို သန့်ရှင်းသော ဘူး/ခွက်ထဲသို့ ထည့်၍ဖျော်ပါ။

→ ဖျော်ထားသော ဓာတ်ဆားရည်ကို (၂၄)နာရီအတွင်း ကုန်အောင်သောက်ပါ။ (၂၄)နာရီကျော်ပါက မသောက်သုံးသင့်ပါ။

→ ဓာတ်ဆားဖျော်ရာတွင် သကြား၊ ဆားနှင့် အခြားသော အရည်များ ထပ်မထည့်ရပါ။

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

အကယ်၍ ဓာတ်ဆားထုပ် (ORS) မရှိခဲ့ပါက အောက်ပါ နည်းအတိုင်း မိမိအိမ်မှာပင် ဆားနှင့် သကြား အသုံးပြုပြီး ဖျော်နိုင်ပါသည်။

### အိမ်တွင်း ဓာတ်ဆားရည်ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။

→ ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာနှင့် လက်ဖက်စားဇွန်းဖြင့်

⇒ သကြား (၈)ဇွန်း

⇒ ဆား (၁) ဇွန်း ထည့်ပြီး ဖျော်ပါ။

ရောဂါ ပြင်းထန်ပြီး အသက်ဆုံးရှုံးမှုအား ကာကွယ်နိုင်ရန် ကျန်းမာရေးဌာန / ဆေးရုံဆေးခန်းများတွင် အချိန်မီ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၅ ခုနှစ်၊ မေလ)

# ဘားအံမြို့၌ ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



ဘားအံ ဇွန် ၂၃

ကရင်ပြည်နယ် သစ်တောဦးစီးဌာန ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် အမှတ်(၂)ဘိလပ်မြေစက်ရုံ မြိုင်ကလေး၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားပြီး အမှတ်(၂)ဘိလပ်မြေစက်ရုံ စက်ရုံမှူးထံ ပျိုးပင်များဖြန့်ဝေပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အမှတ်(၁)နှင့်အမှတ်(၂) ဘိလပ်မြေစက်ရုံမှ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ သတ်မှတ်နေရာများ၌ ရေမြေဒေသနှင့်ကိုက်ညီသည့် မအူနှင့်ပျဉ်းမပျိုးပင်ပေါင်း ၁၂၀၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ကျင်းပသည့် ဒေသတွင်းခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် ခရီးစဉ်ဒေသများ ပိုမိုတိုးတက်လာစေရန် ကရင်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာ ဝန်ကြီးက ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများ ကိုလည်းကောင်း၊ ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး က ယခင်အပတ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု ကိုလည်းကောင်း၊ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများ၊ ဘားအံခရိုင် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဆဒ္ဒန်ဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ကော့ကသောင်ဂူ၊ လွန်းညရေပြာအိုင်၊ ဇွဲကပင်တောင်၊ ကျောက်ကလပ်၊ တောင်ဝိုင်း၊ ကျုံထော် ရေတံခွန်၊ ဖောင်တော်ဦး၊ ပဒုမ္မာဂူ၊ ဘုရင့်ညီနောင်ဂူ၊ လင်းနို့ဂူ၊ နောင်ခလိုင်၊ ဣစ္ဆာသယဂူခရီးစဉ်ဒေသများမှတာဝန်ရှိသူများက ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး



စစ်တွေ ဇွန် ၂၃

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့်စားသောက်ကုန်များချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်အားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာ ထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများဆောင်ရွက်နေမှု၊ ပင်စင်လစာထုတ်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှဝန်ထမ်းများ၊ စစ်တွေမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကိုကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သည့် ဆန်နှင့်စားသောက်ကုန်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များကလည်း အငြိမ်းစားဝန်ထမ်းများအား ဆန်နှင့်စားသောက်ကုန်များပေးအပ်ချီးမြှင့်ကြပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူနေသူများကို လိုအပ်သောကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်လမ်းညွှန်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခြင်းကို စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ လစဉ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

**ဓာတ်ပုံ- ဝင်းမင်းစိုး**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်နှင့်အတူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းရုံးဝန်ထမ်းများက ရတနာတန်းဝင်ကျွန်းပင် ၁၅၀ နှင့် နှစ်ရှည်စားပင်ဖြစ်သော စိန်တလုံးသရက်ပင် ၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။

**မြဝတီ**




မိုးသောက်ပန်း ဂျာနယ်

- မျက်နှာဖုံးတွင် ကာတွန်းနှင်းဦး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကိုကောင်း၊ ကာတွန်းဩဇာနှင့် ကာတွန်းလွမ်းမောင်(သုဝဏ္ဏ)တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်ငြိမ်းရည်(မင်းကင်း)၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ နို့ဦးဇော်၊ မင်းနီခိုင်(မောင်တော)၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၂၄-၆-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၂၃)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၅၁၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့



# ပိုလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ပိုလန်အသင်းနည်းပြရာထူးအတွက် နည်းပြဆောက်ဂိတ်၏ကမ်းလှမ်းမှုကိုပယ်ချခဲ့



ဝါဆော ဇွန် ၂၃

အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြဟောင်း ဆောက်ဂိတ်က လစ်လပ်နေသည့် ပိုလန်အသင်း နည်းပြရာထူးအတွက် ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့သော်လည်း ပိုလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ပယ်ချခဲ့ကြောင်း သိရသည်။

ပိုလန်အသင်းနည်းပြဟောင်း ဘီယာ့ဇ်သည် ယခုလအတွင်းကစားသည့် ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ ဥရောပဇုန်အုပ်စုပွဲစဉ်များကစားရန် ကစားသမား ရွေးချယ်ရာတွင် ဝါရင့်တိုက်စစ်ကစားသမား လီဝန်ဒေါစကီးပါဝင်လာသော်လည်း လီဝန်ဒေါစကီးနှင့် နည်းပြဘီယာ့ဇ်တို့ကြား အသင်းခေါင်းဆောင်ရာထူးအပြောင်းအလဲနှင့်ပတ်သက်ပြီး ဆက်ဆံရေးတင်းမာမှုများရှိလာပြီးနောက် လီဝန်ဒေါစကီးက ပိုလန်အသင်းကို နည်းပြဘီယာ့ဇ်တာဝန်ယူသည့် ကာလတစ်လျှောက် အသင်းအတွက် ကစားပေးမည်မဟုတ်ဟုပြောကြားခဲ့ကာ အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နည်းပြဘီယာ့ဇ်သည်လည်း လီဝန်ဒေါစကီးနှင့် ဆက်ဆံရေးတင်းမာမှုများရှိလာပြီးနောက် ရက်ပိုင်းအကြာတွင် နည်းပြဘီယာ့ဇ်က ပိုလန်အသင်းနည်းပြရာထူးမှ နုတ်ထွက်ခြင်းကြောင့် လက်ရှိတွင် ပိုလန်အသင်းနည်းပြရာထူးမှာ လစ်လပ်နေခြင်းဖြစ်သည်။

အသက် ၅၄ နှစ်အရွယ် နည်းပြဆောက်ဂိတ်သည်လည်း အင်္ဂလန်အသင်းကို ၂၀၁၆ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ရာတွင် အင်္ဂလန်အသင်းကို ယူရိုပြိုင်ပွဲ၌ ဗိုလ်လုပွဲနှစ်ကြိမ် တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယူရို ၂၀၂၄ ပြိုင်ပွဲအပြီးတွင် နည်းပြရာထူးမှနုတ်ထွက်ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူဖြစ်ကြောင်း သိရသည်။ ***Ref;The Athletic***

# ဘာစီလိုနာအသင်းအားကစားဒါရိုက်တာ ဒေကိုက အသင်းမှ ဂိုးသမား ဆက်ဇနီကို ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း အတည်ပြုပြောကြား

ဘာစီလိုနာ ဇွန် ၂၃

ဘာစီလိုနာအသင်းအားကစားဒါရိုက်တာ ဒေကိုက အသင်းမှ ဂိုးသမား ဆက်ဇနီကို ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ဂိုးသမား ဆက်ဇနီသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအကုန်က ဂျူဗင်တပ်စ်အသင်းနှင့်လမ်းခွဲပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်းက ခေါ်ယူသည့်အတွက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝသို့ တစ်ကျော့ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်းမှ အဓိကဂိုးသမား တာစတီဂျန်သည် ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရသည့်အတွက် ဘာစီလိုနာအသင်းက ကစားသမားဘဝမှ အနားယူထားသည့် ဆက်ဇနီကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီတွင် ဆက်ဇနီသည် ဘာစီလိုနာအသင်း စပိန်လာလီဂါဖလား၊ စပိန်စူပါဖလားနှင့် စပိန်ကိုပါဒယ်ရေးဖလားတို့ကို ဆွတ်ခူးနိုင်ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် လက်စွမ်းပြကစားနိုင်ပြီးနောက် ဘာစီလိုနာအသင်းအနေဖြင့် အစောပိုင်းက ၂၀၂၆ ခုနှစ် ဇွန်လအထိ စာချုပ်ချုပ်ဆိုရန်စီစဉ်ထားသော်လည်း ယခုအခါ နောက်ထပ်တစ်နှစ်သက်တမ်းတိုးပြီး ၂၀၂၇ ခုနှစ် ဇွန်လအထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

ဆက်ဇနီသည် ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲတွင် ၁၅ ပွဲပါဝင်ကစားရာတွင် ရှစ်ပွဲဂိုးမပေးရအောင် စွမ်းဆောင်နိုင်သည်အထိ လက်စွမ်းပြကစားနိုင်ပြီး နည်းပြဟန်ဆီဖလစ်စိတ်ကြိုက်ဂိုးသမားတစ်ဦးဖြစ်သည့်အတွက် ဆက်ဇနီကို အသင်း၌ ဆက်လက်ထိန်းထားပြီး ဂိုးသမားတာစတီဂျန်ကို ရောင်းချရန် စီစဉ်နေကြောင်း သိရသည်။

***Ref;Fabrizio Romano***

# အီတလီနိုင်ငံအစိုးရက နိုင်ငံ၌ ဘောလုံးပြိုင်ပွဲများတွင် ဒိုင်လူကြီးများကို ကိုယ်ထိလက်ရောက်ကျူးလွန်ပါက ထောင်ဒဏ်ချမှတ်ခံရမည့်ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်း



ရောမ ဇွန် ၂၃

အီတလီနိုင်ငံအစိုးရက နိုင်ငံ၌ ဘောလုံးပြိုင်ပွဲများတွင် ကစားသမားများအနေဖြင့် ကွင်းလယ်ဒိုင်လူကြီးကို ကိုယ်ထိလက်ရောက်ကျူးလွန်မည်ဆိုပါက ထောင်ဒဏ်ပြစ်ဒဏ်ချမှတ်ခံရမည့် ဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။

အီတလီနိုင်ငံအစိုးရက နိုင်ငံအတွင်းဘောလုံးပြိုင်ပွဲများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အစိုးရအဖွဲ့ ဝန်ထမ်းများကို ကာကွယ်ပေးသည့် ဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းပြီးနောက် အီတလီစီးရီးအေပြိုင်ပွဲအပါအဝင် ဘောလုံးပြိုင်ပွဲများတွင် ကွင်းလယ်ဒိုင်လူကြီးများကို ကိုယ်ထိလက်ရောက်ကျူးလွန်မည်ဆိုပါက ထောင်ဒဏ်ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်သည်။

အဆိုပါဥပဒေတစ်ရပ်တွင် သက်ဆိုင်ရာအသင်းများမှ နည်းပြအဖွဲ့ဝင်များ၊ ကစားသမားများအနေဖြင့် တွန်းခြင်း၊ ထိုးကြိတ်ခြင်း၊ ကိုယ်ထိလက်ရောက်ခြိမ်းခြောက်ခြင်း စသည့်အပြုအမူတို့ကို ပြုလုပ်မည်ဆိုပါက ထောင်ဒဏ်ချမှတ်ခံရမည်ဖြစ်သည်။

နောက်ပိုင်းတွင် ဘောလုံးလောက၌ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ကွင်းလယ်ဒိုင်လူကြီးများအပေါ်တွင် အကာအကွယ်ပေးသည့်အနေဖြင့် ဥပဒေများ၊ စည်းမျဉ်းသစ်များ ချမှတ်ပေးခဲ့ကြပြီး ယခုအခါတွင်လည်း အီတလီနိုင်ငံအစိုးရက ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းပေးခဲ့ကာ ဘောလုံးလောကအပြင် နိုင်ငံအတွင်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် အစိုးရဝန်ထမ်းအဖွဲ့အစည်းများကို ကိုယ်ထိလက်ရောက်ကျူးလွန်ပါက အနည်းဆုံးပြစ်ဒဏ်အဖြစ် ထောင်ဒဏ်ချမှတ်မည်ဖြစ်သည်။

အီတလီနိုင်ငံရှိ ဘောလုံးလောကသည် တခြားနိုင်ငံများမှ ဘောလုံးလောကထက် ဒိုင်လူကြီးများအပေါ်တွင် ပြင်းပြင်းထန်ထန်စောဒကတက်ခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း စသည်တို့ကို ပိုမိုလုပ်ဆောင်လေ့ရှိသည့်အတွက် ဒိုင်လူကြီးများအပေါ် အကာအကွယ်ပိုမိုရရှိရန် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး အီတလီနိုင်ငံအစိုးရအဖွဲ့နှင့် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကာ ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် အဆိုပါဥပဒေသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး အဆိုပါဥပဒေသစ်မှာ ယခုလအတွင်း စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ***Ref;Goal.com***

# မန်ယူအသင်းက ဂိုးသမားမာတီနက်ဇ်ကို ခေါ်ယူမည်မဟုတ်ကြောင်း အတည်ပြု

မန်ချက်စတာ ဇွန် ၂၃

မန်ယူအသင်းက ဂိုးသမား မာတီနက်ဇ်နှင့်ထွက်ပေါ်နေသည့်သတင်းများကိုပယ်ချပြီး မာတီနက်ဇ်ကို ခေါ်ယူရန် အစီအစဉ်မရှိကြောင်း အတည်ပြုခဲ့သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီ အသင်းတွင် အမှားအယွင်းများစွာကျူးလွန်နေပြီး ဝေဖန်မှုများမြင့်တက်နေသည့် ဂိုးသမား အိုနာနာကို လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချပြီး ဂိုးသမားသစ်တစ်ဦးရှာဖွေနေချိန်၌ ပြီးခဲ့သည့်ရက်ပိုင်းက မာတီနက်ဇ်က လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အက်စ်တွန်ဗီလာအသင်းမှ ထွက်ခွာပြီး မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ကြိုးပမ်းလျက်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင် လိုအပ်ချက်များရှိနေသည့် ဂိုးသမားနေရာအတွက် ဂိုးသမားတစ်ဦးခေါ်ယူမည်ဖြစ်သော်လည်း မာတီနက်ဇ်ကိုခေါ်ယူရန် အစီအစဉ်မရှိဟု အတည်ပြုပြီးနောက် မာတီနက်ဇ်နှင့် မန်ယူအသင်းတို့ အပြောင်းအရွှေ့သတင်းများ ပျက်ပြယ်ခဲ့ကြောင်း သိရသည်။ ***Ref;The Telegraph***

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၉ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၉ ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms.Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၉ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

ထို့အတူ မြဝတီမြို့-မဲ့ထော်သလေး (KK Park)နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ရှစ်ဦးနှင့် ဗီယက်နမ်နိုင်ငံသားနှစ်ဦး၊ စုစုပေါင်း ၁၀ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၈၀ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling)လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တရားမဝင် ခဲမဖြူသတ္တုများ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ







သိန်းဦးဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇွန် ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၂၂ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၉၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၁၅)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၂၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၁၀၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ် (၁၈)လမ်း၊ အမှတ်(၁၆၅၉)ရှိ ဂိုဒေါင် (၁)လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၈)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၈၀၈၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၂၃ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့၊ မသေကျေးရွာအုပ်စု၊ ကံမော်ကြီးကျေးရွာအနီး၌ ရေယာဉ်(၁)စင်းပေါ်မှတရားမဝင်ခဲမဖြူသတ္တု (၄၄ ဒသမ ၄၂၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၈၄၀၀၀၀၀)နှင့် အဆိုပါသတ္တုများတင်ဆောင်လာသည့် ရွှေရည်-၇ သစ်သားကိုယ်ထည် စက်လှေ(၁)စင်းနှင့် ဆက်စပ်ပစ္စည်း(၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၂၅၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၈၉၂၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သိန်းဦးဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Yadanar Win-3 ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၈၆၈၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၂၂ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၁၃)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၆၁)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန်လ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၆၀၀၀၈၀၀)** ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**မြဝတီ**

### ပျောက်ဆုံးကြောင်း
စိုးနိုင်(ဘ)ဦးခွေး ၁၂/ပဇတ(နိုင်)၀၀၆၁၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကြည်ဖြူအေး(ဘ)ဦးရှင်ပေါ် ၁၃/သပန(နိုင်) ၁၅၈၇၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉--၆၉၂၅၂၃၀၉၇

### ပျောက်ဆုံးကြောင်း
အောင်လှိုင်(ဘ)ဦးခင်မောင်သိန်း ၁၁/စတန(နိုင်)၀၈၈၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စုရတနာဖြိုး(ဘ)ဦးဇော်ဇော် ၁၄/ဇလန(နိုင်) ၂၂၉၂၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မင်းစိုး(ဘ)ဦးမောင်ရှင်း ၃/ဘအန(နိုင်) ၄၁၂၃၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 384868)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
စုမြတ်သန္တာဝင်း(ဘ)ဦးစိုးနိုင် ၇/ပခန(နိုင်) ၃၄၆၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၄၂၄၀၅၀

### ပျောက်ဆုံးကြောင်း
ရန်လင်းထိုက်(ဘ)ဦးသန်းထိုက် ၁၂/ဒလန(နိုင်)၀၈၆၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 672769)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၄၅၇၁၄၉၉

### ပျောက်ဆုံးကြောင်း
စိန်လွင်(ဘ)ဦးတင်ဌေး ၅/ကဘလ(နိုင်) ၁၂၉၁၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၆၂၅၅၄၅၉

### ပျောက်ဆုံးကြောင်း
သက်ဇွန်(ဘ)ဦးသန်းနု ၁၂/တကန(နိုင်) ၁၂၈၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၅၄၂၃၂၂

### ပျောက်ဆုံးကြောင်း
စန်းပြည့်(ဘ)ဦးစိန်မောင် ၉/မခန(နိုင်) ၂၅၅၉၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မေသက်နှင်း(ဘ)ဦးကျော်သန်း ၁၄/ပသရ(နိုင်)၁၁၅၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်ပြောင်း
ဘီးလင်းမြို့၊ အ.မ.က(မူလွန်-၂ တောင်စွန်း)၊ Grade-4 မှ (ဘ)ဦးစိုးမင်း၏သား မောင်ထွဋ်တေဇအား မောင်တေဇာမင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်တေဇာမင်း

### အမည်မှန်
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.လ.က(၁)Grade-6မှပညာသင်ကြားနေသော အဘ ဦးအောင်စည်ဖြိုး ၁၂/သကတ(နိုင်)၁၅၁၀၉၃ ၏သမီး မပြည့်ဖုန်းခြယ် ၉/ဇယသ(နိုင်)၀၄၀၁၆၉ ၏အမည်မှန်မှာ မပြည့်ဘုန်းခြယ် ဖြစ်ပါကြောင်း။
မပြည့်ဘုန်းခြယ်

### ပျောက်ဆုံးကြောင်း
တင်ဦး(ဘ)ဦးတင်ဝင်း ၁၂/သဃက(နိုင်) ၁၄၆၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရန်ယာမေး(ဘ)ဦးရန်ဖာရွှေ ၁၃/ကခန(နိုင်) ၁၅၄၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၅၇၂၃၅၁၆

### ပျောက်ဆုံးကြောင်း
အေးငြိမ်းသူ(ဘ)ဦးမောင်မောင်နိုင် ၁၂/ရပသ(နိုင်)၁၃၇၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၄၃၀၀၂၀၈

### ပျောက်ဆုံးကြောင်း
ဝင်းနိုင်ဦး(ဘ)ဦးတင်လှိုင် ၇/နတလ(နိုင်) ၀၉၈၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ငြိမ်းငြိမ်းအေး(ဘ)ဦးသိန်းထိုက် ၁၄/ပသန(နိုင်)၃၀၃၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နှင်းနွယ်ဦး(ဘ)ဦးဝင်းဇော်ဦး ၈/အလန(နိုင်) ၁၈၃၇၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 413872)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၁၅၀၅၃၄၁

### ပျောက်ဆုံးကြောင်း
စိုးသိန်း(ဘ)ဦးရွှေကြီး ၇/အဖန(နိုင်) ၀၃၄၄၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၃၂၀၈၃

### ပျောက်ဆုံးကြောင်း
ကေခိုင်မွန်(ဘ)ဦးသန်းလှိုင် ၉/မလန(နိုင်) ၁၂၁၇၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၈၄၇၈၂၈

### ပျောက်ဆုံးကြောင်း
သက်နိုင်စိုး(ဘ)ဦးခင်မောင်ဦး ၈/မကန(နိုင်) ၁၈၈၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 237459)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လှိူင်ရွှေရင်(ခ)နုနုရီ ၁၃/ကမန(ဧည့်)၀၀၀၃၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 004946)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကျော်မင်းအောင်(ဘ)ဦးထွန်းထွန်းဦး ၁၂/ကမတ(နိုင်)၀၇၇၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 630127)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၆၄၀၀၇၄

### အမည်ပြောင်း
မော်လမြိုင်မြို့၊ အ.ထ.က(၆) Grade-12(B)မှ အဘ ဦးပြည်ထွန်း ၁၀/မလမ(နိုင်)၁၄၀၈၄၅၊ အမိ ဒေါ်ငြိမ်းငြိမ်းအိထွန်း ၁၀/မဒန(နိုင်)၁၄၃၉၁၉ တို့၏ သမီး မချမ်းသူလင်း ၁၀/မလမ(နိုင်)၂၈၂၄၉၄ အား မချမ်းသူစံဟု ပြောင်းလဲခေါ်ဆိုပါရန်။
မချမ်းသူစံ

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့၊ အောင်ဘုံကြီးကျေးရွာနေ မနှင်းအိဖြူ(ဘ)ဦးခင်ထွန်း ၇/သနပ(နိုင်) ၁၄၁၄၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

### ပျောက်ဆုံးကြောင်း
ကျော်ဇင်ဦး(ဘ)ဦးလှစိုး ၁၂/ကမန(နိုင်) ၀၈၅၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နုနုရီ(ဘ)ဦးအေးမောင် ၁၂/သဃက(နိုင်) ၀၃၂၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ခင်ပြည့်စုံထွန်း(ဘ)ဦးတင်ထွန်း ၁၂/ရကန(နိုင်)၀၇၄၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မြင့်ထွန်း(ဘ)ဦးကံကြီး ၁၃/ရစန(နိုင်) ၀၈၈၉၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လှမေ(ဘ)ဦးဖော့တလိ ၄/ပလဝ(နိုင်) ၀၇၄၁၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မိုးမိုးဆွေ(ဘ)ဦးအုန်းဖေ ၁၂/သဃက(နိုင်) ၁၇၀၅၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၅၆၃၁၃၅

### ပျောက်ဆုံးကြောင်း
အေးအေးခိုင်(ဘ)ဦးအုန်းဖေ ၁၄/ဟသတ(နိုင်)၀၁၇၈၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၂၅၅၂၇၇

### ပျောက်ဆုံးကြောင်း
ချိုချိုဦး(ဘ)ဦးမောင်မောင် ၁၄/မအပ(နိုင်) ၂၂၄၃၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(058132)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၃၁၇၉၂၈၂

### ပျောက်ဆုံးကြောင်း
အေးအေးမြိုင်(ဘ)ဦးဖာရွှတ် ၉/ခအဇ(နိုင်) ၀၁၂၃၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မိုမိုစိုးစံ(ဘ)ဦးအောင်မိုးလွင် ၆/သရခ(နိုင်) ၁၀၃၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဇော်နိုင်ထွန်း(ဘ)ဦးလွန်းမောင် ၉/မထလ(နိုင်)၂၆၈၀၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၄၁၂၅၆၉

### ဖခင်အမည်မှန်
နတ်မောက်မြို့နယ်၊ အ.ထ.က သားမျှား Grade-4 မှ မယွန်းကြည်သာ၏ဖခင်အမည်မှန်မှာ ဦးဟိဲထွန်းနိုင် ၈/နမန(နိုင်)၁၃၂၅၄၇ ဖြစ်ပါကြောင်း။
ဦးဟိဲထွန်းနိုင်

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ မင်းဇော်ထွန်း(ဘ)ဦးထွန်းမြင့် ၁၂/သလန(နိုင်)၀၅၁၂၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၇၉၃၇၀၁

### ပျောက်ဆုံးကြောင်း
သင်းသင်းစိုး(ဘ)ဦးစံဟိန်း ၉/ရမသ(နိုင်) ၁၅၃၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကျော်စွာလင်း(ဘ)ဦးအောင်သစ် ၇/လပတ(နိုင်)၁၇၆၆၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စုနန္ဒာဖြိုး(ဘ)ဦးဇော်ဇော် ၁၄/ဇလန(နိုင်) ၂၂၉၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ပြေငြိမ်း(ဘ)ဦးမြင့်အောင် ၉/ပဘန(နိုင်) ၂၄၉၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၇၂၁၁၇၂

### ပျောက်ဆုံးကြောင်း
ထက်နိုင်ဝင်း(ဘ)ဦးဝင်းကြိုင် ၉/မထလ(နိုင်)၃၃၆၄၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 166367)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၇၂၁၁၇၂

### ပျောက်ဆုံးကြောင်း
မိုးသီတာ(ဘ)ဦးမြင့်မိုး ၁၂/တကန(နိုင်) ၂၃၀၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 501667)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၁၅၀၅၃၄၁

### ပျောက်ဆုံးကြောင်း
ဗိုလ်ဟိန်း(ဘ)ဦးခင်သောင်း ၈/မကန(နိုင်) ၂၄၁၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၄၆၇၅၄၅

### ပျောက်ဆုံးကြောင်း
ခင်သက်အေး(ဘ)ဦးကိုလေး ၁၂/ကမရ(နိုင်) ၀၂၉၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၆၃၁၆၆၈

### ပျောက်ဆုံးကြောင်း
ကြည်လဲ့လဲ့မွန်(ဘ)ဦးလှဝင်းဦး ၇/ကဝန(နိုင်) ၂၀၄၀၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 026740)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဇာဇာထွေး(ဘ)ဦးမောင်မောင်ဦး ၁၄/ဟသတ(နိုင်)၃၀၆၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 663268)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ်-၈ဃ/၆၀၇၆၅ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
က.ည.န၊ ခရိုင်ရုံး(သထုံ)

**အလိမ္မာစာမှာရှိ**

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အနောက်ရပ်၊ အာဇာနည်လမ်း၊ အမှတ်(၇)နေ မခင်နှင်းရီ(ဘ)ဦးမဲ ၆/ထဝန(နိုင်)၀၁၉၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 102044)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၆၅၀၀၉၉

## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနသည် တိုင်းဒေသကြီးကုသရေးဦးစီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ (Lab Reagents)များပါဝင်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ဖလင်များပါဝင်သော ဓာတ်မှန်ဌာနသုံးပစ္စည်းများနှင့် Basic Consumable များဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်၊ cutd.1.dmsmdy(25-26)အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - (၂၄-၆-၂၀၂၅)ရက်၊ အင်္ဂါနေ့။ |
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ | - မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန<br>- လမ်း ၇၀၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား<br>- ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - (၈-၇-၂၀၂၅)ရက်၊ အင်္ဂါနေ့။ မွန်းတည့်(၁၂:၀၀)နာရီ |

### ပျောက်ဆုံးကြောင်း
သိမ့်သိမ့်ဦး(ဘ)ဦးဆန်းဝင်း ၁၀/ရမန(နိုင်) ၁၅၄၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 684001)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၅၈၈၇၉၀၆

### ပျောက်ဆုံးကြောင်း
ရဲလတ်ကျော်(ဘ)ဦးကျော်ဝင်း ၁၂/ကမရ(နိုင်)၀၅၀၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၇၄၉၅၄

### ပျောက်ဆုံးကြောင်း
ဌေးဝင်း(ဘ)ဦးသောင်းကြိုင် ၁၂/လမန(နိုင်) ၁၄၂၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၆၀၉၄၂၈

### ပျောက်ဆုံးကြောင်း
ကျော်မိုးဟိန်း(ဘ)ဦးခင်မောင်အေး ၁၂/သကတ(နိုင်)၁၈၃၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၃၇၆၁၅၂

### ပျောက်ဆုံးကြောင်း
စာမေတီ(ဘ)ဦးထက် ၂/ဒမဆ(နိုင်)၀၆၃၃၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 305212)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ ဆင်းသွယ်လတ်လမ်း၊ နယ်မြေ(၅)နေ စုနွေးအောင်(ဘ)ဦးသိန်းရွှေ ၉/တကန(နိုင်)၀၉၈၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၄၈၇၇၁၁၄

### ပျောက်ဆုံးကြောင်း
ဇာခြည်ထွန်း(ဘ)ဦးထွန်းဝေ ၉/မကန(နိုင်) ၁၃၃၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၂၅၁၇၆

### ပျောက်ဆုံးကြောင်း
သန့်ဇင်(ဘ)ဦးမြင့်သောင်း(ခ)ဦးဗသော် ၁၂/လမန(နိုင်)၀၂၁၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၅၆၄၄၇၂

### ပျောက်ဆုံးကြောင်း
ကေသွယ်လင်း(ဘ)ဦးအောင်ထိန်လင်း ၅/ကလထ(နိုင်)၂၆၇၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၅၈၅၄၆၉၈

### ပျောက်ဆုံးကြောင်း
တင်ဇာဦး(ဘ)ဦးသိန်းဦး ၉/အမဇ(နိုင်) ၀၁၂၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စိုးသန်းနိုင်(ဘ)ဦးပန်းညွန့် ၁၄/မအပ(နိုင်) ၁၀၉၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နတ်မောက်မြို့၊ ရန်အောင်မြင်ရပ်ကွက်နေ မောင်ဝင်းဇော်ဦး(ဘ)ဦးဇော်လင်း ၈/နမန(နိုင်)၁၃၉၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၅၄၅၄၅၅

**ပျောက်ဆုံးကြောင်း**
သန်းသန်းခိုင်(ဘ)ဦးအိုက်မောင် ၁/မကတ(နိုင်)၁၃၆၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၆၂၅၃၉၀

### အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် နေထိုင်သော အဘ ဦးစိုင်းမင်းထွန်း မှတ်ပုံတင်အမှတ်၉/မထလ(နိုင်)၂၇၃၅၈၉ အမိ ဒေါ်လီဟော မှတ်ပုံတင်အမှတ် ၄/ပလဝ(နိုင်)၀၃၀၄၆၃ ကိုင်ဆောင်သူ၏သမီးဖြစ်သူ မဘောဘီလီဟော၏အမည်မှန်မှာ မအယ်လီဇဘတ်ဖြစ်ပါကြောင်း။
မအယ်လီဇဘတ်

အရည်အသွေးမြင့်စားသောက်ကုန်များအပါအဝင်ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။

STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

# MYAWADDY TRADING LIMITED



ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေသြဇာ။

Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com



❖ **အားကစားယှဉ်ပြိုင်ရာတွင်လည်း အားကစားစိတ်ဓာတ်ရှိရန် အလွန်အရေးကြီး...**

❖ **လူတိုင်းဘဝတွင် အခက်အခဲများရင်ဆိုင်ကြုံတွေ့ရသည့်အခါ အနိုင်မခံအရှုံးမပေးသည့်စိတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့်စိတ်များနှင့်ရင်ဆိုင်ကျော်လွှားနိုင်သည့်စိတ်မျိုးကို အားကစားစိတ်ဓာတ်က ရစေနိုင်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ပဋ္ဌမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဇွန် ၂၃**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင်များသည် အမျိုးသား၊ အမျိုးသမီး Recurve နှင့် Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲကို ယှဉ်ပြိုင်ပစ်ခတ်ကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အတိုးတက်ဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားဆု၊ Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲနှင့် Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို ပြည်ထောင်စုဝန်ကြီးနှင့် **စာမျက်နှာ ၁၅ ကော်လံ ၁ ⊃**



## အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီး မီတာ ၄၈၀၀ စက်ဘီး ပြိုင်ပွဲကျင်းပ

စာ - ၁၄ သို့

## အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် နိုင်ငံတကာ မြင်းစီး အားကစားပြိုင်ပွဲကျင်းပ



စာ - ၁၄ သို့

## တရားမဝင် ခဲမဖြူသတ္တုများ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

စာ - ၂၉ သို့


## ဝင်ငွေတိုးပွားရရှိဖို့ တစ်သျှူးငှက်ပျောစိုက်ကြစို့

Tissue Culture ဓာတ်ခွဲခန်းမှ ထုတ်လုပ်သော နေပြည်တော်ကျောက်စိမ်းဖီးကြမ်းတစ်သျှူးငှက်ပျောနှင့် သီးမွှေးတစ်သျှူးငှက်ပျော ပျိုးပင်များအား ဖုန်း-၀၃၆-၃၁၀၄၆၊ ၀၉-၄၀၀၄၅၀၃၃၉၊ ၀၉-၂၅၆၇၄၄၉၈၁ တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။



